မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၁၆)

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဗန်းမော်မြို့ရှိ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေး အခြေခံလိုအပ်ချက်များ

နိုင်ငံတော်အစိုးရ၏ ယနေ့ဆောင်ရွက်ချက်များဖြစ်သည့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးခိုင်မာတောင့်တင်းရေး၊ ပြည်သူအများ ပညာရည်မြင့်မားရေးဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည့်အပြင် ပြည်သူများ လိုလားတောင့်တသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် အခြေခံလိုအပ်ချက်များလည်းဖြစ်၏။

နိုင်ငံတော်ကြီး ဘက်စုံကဏ္ဍစုံ လျင်လျင်မြန်မြန်ဖွံ့ဖြိုးတိုးတက်လာရေး နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း

အစိုးရကဖော်ဆောင်ပေးထားသည့် အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၃

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ရောက်ရှိနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ဗန်းမော်မြို့ရှိ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗန်းမော်ခရိုင်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းက ဗန်းမော်ခရိုင်၏ မြေယာအသုံးချမှုနှင့် ရာသီဥတုအခြေအနေ၊ နွေစပါး၊ မိုးစပါးလျာထားချက်နှင့် စိုက်ပျိုးမှု၊ အဓိကသီးနှံ ၁၀ မျိုးအနက် ဝါမှအပ ကျန်သီးနှံကိုးမျိုး ပန်းတိုင်အထွက်တိုးရေးဆောင်ရွက်မှု၊ ဆည်မြောင်းတာတမံနှင့် တစ်ပိုင်တစ်နိုင် ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းများ

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်)

အမျိုးဂုဏ်၊ ဇာတိဂုဏ် ပိုမိုမြင့်မားရေး ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ ထိန်းသိမ်း

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် လူသားတို့၏ အတိတ်၌ ရှင်သန်ရပ်တည်ခဲ့မှုနှင့် သမိုင်းတင်တည်ရှိနေသည့် အရင်းအမြစ်များဖြစ်ရာ ပစ္စုပ္ပန်ကာလတွင် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်သည်။

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသတွင် သမိုင်းဝင်စေတီပုထိုးများကို ဖူးတွေ့နိုင်သည့်အပြင် အနုပညာလက်ရာများစွာကိုလည်း လေ့လာတွေ့ရှိနိုင်သည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ တည်ဆောက်ပြီးစီးသွားသော မဟာရာဇသိရီအနိရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီး၏ သိရီဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီးကို ဇန်နဝါရီလ ၂ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

ရွှေနန်းတော်ကြီးများကို ရှေးမူနန်းဟန်မပျက် ပြန်လည်ဖော်ထုတ်နိုင်ခဲ့သည့်အတွက် မြန်မာတို့၏ မျိုးရိုးဂုဏ်ရှိန်မြင့်မားမှုကို ဖော်ညွှန်းလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ **သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ ရှေးမြန်မာဘုရင်များ၏ နန်းတော်နှင့်မြို့ရိုးများ တူးဖော်ခြင်း၊ ကျောက်ထက်အက္ခရာ၊** ပေထက်အက္ခရာ၊ စာပေပုရပိုက်များ စုစည်းထိန်းသိမ်းခြင်းလုပ်ငန်းကို အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်သည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများကို ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုထိန်းသိမ်းရေးကိုပါ ဖော်ထုတ်မြှင့်တင်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ သမိုင်းတန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာများ ရေရှည်တည်တံ့နေစေရေး **ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် နိုင်ငံတော်နှင့်လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ပိုမိုမြင့်မားလာစေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။** ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာစုကန်စေတီ ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် ဇန်နဝါရီ ၂၃

နှစ်စဉ်ကျင်းပလျက်ရှိသော သမိုင်းဝင်သာစုကန်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၉ခုနှစ် တပို့တွဲလဆန်း၁၃ရက်မှ တပို့တွဲလပြည့်ကျော်၆ရက် (ဖေဖော်ဝါရီ ၁၉ရက်မှ၂၇ရက်)အထိ ကိုးရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲ၊ ဇာတ်သဘင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

တပို့တွဲလပြည့် (ကြာသပတေးနေ့) ဖေဖော်ဝါရီ ၂၁ရက် ညနေ၃နာရီတွင် သံဃာအပါး၅၀တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်မည်ဖြစ်ရာ သာစုကန်စေတီဂေါပကအဖွဲ့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၆၁၁၄၃၀သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အရိယာဓမ္မာရုံကြီးတည်ဆောက်ရန် လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၃

မြောင်းမြမြို့ ကျွန်းတောရပ် သဲအင်းဂူ ခေမာဝံသကျောင်းတိုက်အတွင်း၌ တရားဟော၊ တရားနာ၊ တရားအားထုတ်ရန်အတွက် အရိယာဓမ္မာရုံကြီး တည်ဆောက်နေပြီဖြစ်ရာ အမြန်ပြီးစီးရန်အတွက် မည်သူမဆို မြောင်းမြသဲအင်းဂူ ခေမာဝံသကျောင်း ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း) ဖုန်း–၆၆၁၃၉၇၊ ဦးကာနီ(မြောင်းမြ) ဖုန်း–၀၄၂–၇၀၃၆၇နှင့် ဦးဇော်မင်း(မြောင်းမြ)ဖုန်း–၀၄၂–၇၀၁၀၅တို့သို့ ဆက်သွယ် လှူဒါန်းကုသိုလ်ယူနိုင်ကြောင်း သိရသည်။ **(၁၂၅)**

ရန်ကုန်တိုင်း ဒဂုံမြို့နယ် နဝဒေးလမ်းနေ ဖခင်ဦးကိုကို–မိခင်ဒေါ်တင်ရွှေ၊ **အစ်မဒေါက်တာ ခင်မင်းမင်းဖြူတို့အားရည်စူး၍ ဦးဇော်မင်းအောင်–ဒေါ်ခိုင်ခိုင်အေး မိသားစုက သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

မြဝတီရုပ်မြင်သံကြား

၂၄–၁–၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄း၄၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း–၁၆)
၆း၃၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့ သူရဲကောင်း** (အပိုင်း–၂၉)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နီလာလက်ကောက်** (အပိုင်း–၃၁)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ကျောင်းကျန်းမာရေး အထောက်အကူပြုလုပ်ငန်း ပညာပေးဟောပြောပွဲနှင့် အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ၂၂ရက် နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် ရာဇဓိရာဇ်လမ်းရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြော

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများ အဖွဲ့ဝင် ဒေါက်တာဒေါ်သက်သက်ဇင်က အမှိုက်နှင့်ကျန်းမာရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဦးစိုင်းစံဦးက အမှိုက်အကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အမှိုက်ပုံး၁၀ပုံးနှင့် အမှိုက်အိတ်များ လှူဒါန်းသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်စန်းနွယ်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲ၌ ကျောင်းသူများအား အမှိုက်နှင့် ပတ်သက်၍ အဓိပ္ပာယ် ဖွင့်ဆိုချက်၊ အမှိုက်အမျိုးအစား၊ အမှိုက်နှင့် ပတ်သက်သော စည်းမျဉ်း စည်းကမ်းများ၊ အမှိုက်စနစ်တကျ သိမ်းဆည်းစွန့်ပစ်ရန် နည်းလမ်းများ စသည်တို့ကို အသေးစိတ်ပညာပေးရှင်းလင်းဆွေးနွေးပြီး **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗိုလ်တင်မောင်ကြီးနှင့်ဒေါ်စိန်လှိုင်တို့အား ရည်စူး၍ အမှတ် ၂၁ ပြည်သာယာလမ်း ဘောက်ထော် ရန်ကင်းမြို့နယ်နေ ဒေါက်တာဆွေဆွေဝင်းနှင့်သားသမီး၊မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

အထက(၂)ဒဂုံ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက(၂) ဒဂုံ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၂၇ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ကျောင်းသား ကျောင်းသူဟောင်းများဖြစ်သည့် အောင်မိုးသိန်း(၁၉၇၉) ဖုန်း–၀၉–၉၉၂၇၀၂၁၊ ၃၈၀၆၄၂၊ ၂၂၇၁၈၃၊ မဆွေမျိုးမြင့် (၁၉၈၀) ဖုန်း–၅၇၇၄၀၉၊ ဒေါက်တာအောင်ကျော်လင်း၊ မစပါယ်(၁၉၈၃) (၁၉၈၅) ဖုန်း– ၂၂၄၇၄၄၊ မစန်းစန်းဝင်း(၁၉၈၅) ဖုန်း–၃၈၃၇၃၇၊ ဒေါက်တာလှလှချို (၁၉၈၆) ဖုန်း–၀၉၅၁–၅၉၁၇၀၊ တင်ရည်ရည်ဦး(၁၉၈၈) ဖုန်း–၅၂၄၃၀၀၊ ဗညားကောနန်(၁၉၉၀) ဖုန်း–၀၉၈၀– ၃၀၇၇၈၊ အောင်လင်းမြင့်(၁၉၉၀) ဖုန်း–၀၉၅၁–၈၉၁၃၂၊ သူရ(မြို့မခင် ယပ်တောင်)(၁၉၉၅) ဖုန်း–၅၃၆၁၄၃၊ ကျော်မင်းဟန်(၁၉၉၉) ဖုန်း–၀၉၅၁–၃၅၆၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ငြိုးမဖွဲ့သူ ရန်ငြိမ်း၏

ဤသူသည် ငါ့ကိုဆဲ၏၊ ငါ့ကိုညှဉ်းပန်း၏၊ ငါ့ကိုနိုင်၏၊ ငါ၏ဥစ္စာကို ခိုး၏ဟူ၍ စိတ်၌ အမျက်မထား။ ရန်ငြိုးမဖွဲ့ကြသော သူတို့မှာ ရန်သည် အမြဲတမ်းငြိမ်းအေး၍ ကောင်းကျိုးသုခကို ခံစားကြရ၏။ ကောင်းသောမိတ်ဆွေများကို ရကြကုန်လေ၏။

(ဓမ္မပဒ ၄)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေး စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြစဉ်။ (သတင်းစဉ်)

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး

စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ သမိုင်းဝင်သီရိမင်္ဂလာကမ္ဘာအေး စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါစေတီတော်မြတ်ကြီး၏ ပရိဝုဏ်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က စေတနာရှင်ပြည်သူများ လှူဒါန်းထားသော ရတနာပစ္စည်းများကို စိန်ဖူးတော်အတွင်းသို့ ထည့်သွင်းဌာပနာကြသည်။

တင်လှူပူဇော်

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို အာရုံခံတန်ဆောင်းမှ ပင့်ဆောင်ကြကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကြပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်၍ အဏ္ဏဝါမင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြကာ တင်လှူပူဇော်ကြသည်။ **(သတင်းစဉ်)**

လုံးချင်းတိုက်များ အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းမည်

နေပြည်တော် ဇန်နဝါရီ ၂၃

တောင်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(၉)နှင့် (၁၄)ရှိ မြသီတာ လုံးချင်းအိမ်ရာစီမံကိန်းမှ လုံးချင်းတိုက် ၃၂လုံးကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ရာ အဆိုပါ အဆောက်အအုံများစာရင်းကို နိုင်ငံတော်ပိုင် အဆောက်အအုံများ ရောင်းချရေးကော်မတီရုံး အမှတ် ၃၂ နေပြည်တော်၌လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၂၂၈–၂၃၄ ရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန ရန်ကုန်မြို့၌လည်းကောင်း ကြေညာထားမည်ဖြစ်သည်။

တင်သွင်း

တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံတို့ကို ဇန်နဝါရီ၂၅ ရက်မှ ဖေဖော်ဝါရီ၁၃ ရက်အထိ ရုံးချိန်အတွင်းတွင် နိုင်ငံတော်ပိုင် အဆောက်အအုံများ ရောင်းချရေးကော်မတီရုံး အမှတ် ၃၂ နေပြည်တော်နှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အမှတ် ၂၂၈–၂၃၄ ဗိုလ်ချုပ်အောင်ဆန်းလမ်း ရန်ကုန်မြို့တို့၌လည်းကောင်း၊ တင်ဒါကို နိုင်ငံတော်ပိုင် အဆောက်အအုံများ ရောင်းချရေးကော်မတီရုံး အမှတ် ၃၂ နေပြည်တော်၌လည်းကောင်း ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း တင်သွင်းရမည် ဖြစ်သည်။

အဆောက်အအုံများ၏ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် နေပြည်တော်၌လည်းကောင်း၊ ရန်ကုန်မြို့၌လည်းကောင်း ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၄–၁–၂၀၀၈ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၇။ ကျောက်တစ်လုံးရေကူရေလှောင်တမံ
- ၈:၁၅ ၈။ အကပဒေသာ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(မြန်မာစာ၊ မြန်မာမှုပညာ၊ အရှေ့တိုင်းပညာအထူးပြုများ)(အရှေ့တိုင်းပညာ)
- ၁၇:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၃၀ ၇။ **ရင်ထဲမှာသာတဲ့လ** ဆက်မော်၊ ခင်မောင်ချင်း၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ–ခင်မောင်ချင်း)
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ တေးဂီတအစီအစဉ်
- ၁၈:၅၀ ၁၁။ သက်တံရောင်သံစဉ်
- ၁၉:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့်ဆုံစည်းခြင်း** (အပိုင်း–၂)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူများ** (အပိုင်း–၂၁)
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

ဆောင်းရာသီခြည်

ဟားခါး	–၁ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၁ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၁ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၃ ဒီဂရီစင်တီဂရိတ်
လားရှိုး	၄ ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၄ ဒီဂရီစင်တီဂရိတ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄–၁–၂၀၀၈ (ကြာသပတေးနေ့)

AM & PM

- ၇:၀၀ – ၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ – ၁:၀၅ **'မဟာကံထူးရှင်မှ မဟာဉာဏ်ထူးရှင်သို့'** တရားတော် [ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ]
- ၈:၀၀ – ၂:၀၀ နိဗ္ဗာန်ဆီသို့ အမေးအဖြေများ
- ၈:၂၀– ၂:၂၀ တေးဂီတအစီအစဉ်
- ၈:၂၅ – ၂:၂၅ လွင်မိုးခရီးသွားနေသည် (ချင်းပြည်နယ် ဆွေးနွေးခန်း)
- ၈:၅၅ – ၂:၅၅ မြတ်ဗုဒ္ဓ မဇ္ဈိမ၏ အနှိုင်းမဲ့ရတနာ
- ၉:၁၅ – ၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅ – ၃:၂၅– တေးဂီတအစီအစဉ်
- ၉:၃၀ – ၃:၃၀ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်မှ ဆရာတော် ဗဟုဇနဟိတဓရဓမ္မကထိက "အရှင်ပုညာနန္ဒ" ၏ သာသနာပြုပုံတစေ့တစောင်း
- ၁၀:၀၀ – ၄:၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၅ – ၄:၀၅ လူငယ်ထုအကျိုး တစ်ဖက်တစ်လမ်းမှ သယ်ပိုး ပြည်ခိုင်ဖြိုး
- ၁၀:၁၅ – ၄:၁၅ ပြည်တွင်းအနုပညာရေးရာ
- ၁၀:၄၀ – ၄:၄၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၅၀ – ၄:၅၀ တေးဂီတအစီအစဉ်
- ၁၀:၅၅ – ၄:၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၀၅ – ၅:၀၅ သင်ယူလေ့လာဂီတပညာ (ကိုစိုင်း၊ အပိုင်း–၂၅)
- ၁၁:၄၀ – ၅:၄၀ တေးဂီတအစီအစဉ်
- ၁၁:၄၅ – ၅:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၅၀ – ၅:၅၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ရေငုံနှုတ်ပိတ် (DVD)"
- ၁၂:၂၀ – ၆:၂၀ နေခြည်ဖျန်း၍ လန်းသည့်ပန်း
- ၁:၀၀ – ၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cup of Nadions (2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁:၃၀	Guinea-Morocco	Euro Sport (Live)
၂:၀၀	Ghana-Namibia	Euro Sport (Live)

24-1 (03) 1 1/24/08, 1:36 AM

ဆီးနိုတ်လွှတ်တော်အမတ်နှစ်ဦးအကြား ပြိုင်ဆိုင်မှုအရှိန်မြင့် ဘီလ်ကလင်တန်၏ဝေဖန်မှု တုံ့ပြန်ရန်အသင့်ဟု အိုဘားမားပြောကြား

ကိုလံဘီယာ (တောင်ကာရိုလိုင်းနား) ဇန်နဝါရီ ၂၃

ဒီမိုကရက်တစ် သမ္မတလောင်း ဘာရက်အိုဘားမား(အောက်ပုံ)**က သူ၏အောင်မြင်မှုအပေါ် အမေရိကန် သမ္မတဟောင်း ဘီလ်ကလင်တန်၏ မကြာသေးမီက ဝေဖန်မှုနှင့် စကားစစ်ထိုးမှုသည် ဒုက္ခပေးခြင်းသာဖြစ်ပြီး ၎င်းအနေဖြင့် ပြန်လည်တုံ့ပြန်ရန် အဆင်သင့်ဖြစ်နေကြောင်း အသံလွှင့်တွေ့ဆုံ မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားခဲ့သည်။**

အမေရိကန် သမ္မတဟောင်းသည် ၎င်း၏အကြောင်း မမှန်မကန်သတင်းများကို ထုတ်လွှင့်နေကြောင်း ဘီလ်ကလင်တန်၏ဇနီး ဟီလာရီကလင်တန်နှင့် အပြိုင် ဒီမိုကရက်တစ် သမ္မတလောင်း ခန့်ထားရန် အဆိုပြုခံရသူ အီလီနွိုက် ဆီးနိတ်လွှတ်တော်အမတ် အိုဘားမားကပြောကြားသည်။



မိမိ၏လေ့လာချက်များအရ ဘီလ်ကလင်တန်သည် သူ၏ဇနီးကိုယ်စားသူ့အတွက် ထောက်ခံမှုရယူနေသည်မှာ သနားဖွယ်ဖြစ်ကြောင်း ဂွတ်ဒ်မောနင်း အမေရိကန် အသံလွှင့်ဌာနနှင့် လူတွေ့မေးမြန်းစဉ် မခြွင်းမချန် ပြောကြားခဲ့သည်။

အီရတ်စစ်ပွဲနှင့် ပတ်သက်ပြီး မိမိ၏အတိုက်အခံပြုခဲ့သည့် မှတ်တမ်းနှင့် လက်စ်ဗီးဂက်စ်မြို့တွင် စည်းရုံးရေးအတွက် မိမိတို့၏ချဉ်းကပ်မှုအား ထောက်ခံမှု မရှိသည့် အကြောင်းအရာများကို ဆက်လက်ပြောဆို ဖော်ပြနေကြောင်း အိုဘားမားက ပြောကြားသည်။

ပြောကြား

ယင်းသို့ ပြောကြားမှုသည် ဘီလ်ကလင်တန်အနေဖြင့် အလေ့အကျင့်တစ်ခုလို ဖြစ်နေကြောင်း၊ မိမိအနေဖြင့် လုပ်ရမည့်အလုပ်တစ်ခုမှာ မမှန်မကန် ပြောဆိုနေသည့် ဘီလ်ကလင်တန်နှင့် ထိပ်တိုက်ရင်ဆိုင်ရန်သာ ရှိတော့ကြောင်း အိုဘားမားက ပြောကြားသည်။

ပိုမိုအရှိန်မြင့်

ဘီလ်ကလင်တန်သည် နယူးယောက် ဆီးနိတ်လွှတ်တော်အမတ်ဖြစ်သူ ဇနီး၏ မဲဆွယ်ပွဲတွင် တက်ကြွစွာပါဝင်နေသူတစ်ယောက် ဖြစ်သည်။ ဘီလ်ကလင်တန်အနေဖြင့် အိုဘားမားအပေါ် များစွာဝေဖန်ခဲ့ပြီး ဆီးနိတ်လွှတ်တော်အမတ်နှစ်ဦးအကြား ယှဉ်ပြိုင်မှု ပိုမိုအရှိန်မြင့်လာခဲ့သည်။ **(အင်တာနက်)**

ရွေးကောက်ပွဲကိစ္စ ဝေဖန်မှု ဗြိတိန်သံအမတ်အား ကင်ညာအစိုးရ ကန့်ကွက်

နိုင်ရိုဘီ ဇန်နဝါရီ ၂၃

ဒီဇင်ဘာ ၂၇ ရက်က ကင်ညာ သမ္မတရွေးကောက်ပွဲ၌ သမ္မတ ကီဘာကီ ပြန်အရွေးခံရမှုကို အတိုက်အခံတို့က ကန့်ကွက်ရာတွင် သမ္မတ၏ မဟာမိတ်များနှင့် အဆက်အသွယ်ရှိသည့် ကုမ္ပဏီများကိုပါ သပိတ်မှောက်ရေး လှုံ့ဆော်စီစဉ်ခြင်းမှာ လျှို့ဝှက်ထိုးနှက်မှုတစ်ရပ်အဖြစ် ကင်ညာအစိုးရက ဇန်နဝါရီ ၂၁ရက်တွင် ပြစ်တင်ရှုတ်ချလိုက်သည်။

ထို့ပြင် ပြည်ပမှရွေးကောက်ပွဲနှင့် ပတ်သက်၍ ဝေဖန်မှုကို တုံ့ပြန်သည့် အနေဖြင့် ကင်ညာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးအဒမ်ဝုဒ်ကို နိုင်ငံခြားရေးဝန်ကြီး ဝက်တန်ဂူလာက ဆင့်ဆိုကန့်ကွက်လိုက်သည်ဟု ရိုက်တာက ဖော်ပြသည်။

ဖော်ပြ

ကင်ညာနိုင်ငံခြားရေးဝန်ကြီး ဝက်တန်ဂူလာနှင့် သံအမတ်ကြီးဝုဒ်တို့ ဇန်နဝါရီ ၂၁ ရက်က တွေ့ဆုံကြောင်း ဗြိတိန်သံရုံးက အတည်ပြုပြောကြားသော်လည်း နောက်ထပ်ထို့ထက်ပိုသည့် အဖြစ်အပျက်တို့ကိုမူ တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်း မရှိဟုလည်း ရိုက်တာကဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

ဂါဇာနယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ် လောင်စာဆီတင်ကားများ ဝင်ခွင့်ရရှိ

ဂျေရုဆလင် ဇန်နဝါရီ ၂၃

ဂါဇာကမ်းမြောင်အဝင်အထွက်ကို ပိတ်ထားရာမှ အစ္စရေးက ပြန်လည်ရုပ်သိမ်းကာ ဂါဇာသို့လောင်စာဆီများ တင်ပို့ခွင့် ပြုလိုက်သဖြင့် လောင်စာဆီတင် လော်ရီကားကြီးများ ဂါဇာစီးတီးအရှေ့ဘက် နဟားအော့နယ်စပ်ဂိတ်မှ ဖြတ်သန်းသွားသည်။

ပိတ်ခံခဲ့ရ

ဂါဇာကမ်းမြောင်မှ စစ်သွေးကြွများက အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့်ပစ်ခတ်သဖြင့် အစ္စရေးနိုင်ငံက နယ်စပ်ဂိတ်များကို ဇန်နဝါရီ ၁၇ ရက်က ပိတ်ခံခဲ့ရခြင်းဖြစ်သည်။

သဘောတူ

ဂါဇာမှတစ်ခုတည်းသော လျှပ်စစ်ဓာတ်အားပေးစက်ရုံလောင်စာဆီ ပြတ်၍ ပိတ်လိုက်ရသောအခါ တစ်မြို့လုံး မှောင်ကျသွားပြီး နာရီပိုင်းအကြာတွင် အစ္စရေးကာကွယ်ရေးဝန်ကြီး ဘာရက်က ဇန်နဝါရီ ၂၁ ရက်တွင် နယ်စပ်ဂိတ်ဖွင့်ပေးရန် သဘောတူလိုက်သည်။ **(အင်တာနက်)**

ရေနံနှင့်သဘာဝဓာတ်ငွေ့ တရုတ်ပိုမိုထုတ်လုပ်နိုင် ယမန်နှစ်က ပြည်တွင်း၌ တန်ချိန်သန်း ၁၂၀ ခန့် ဖြန့်ဖြူးခဲ့

ပေကျင်း ဇန်နဝါရီ ၂၃

၂၀၀၇ခုနှစ်အတွင်း တရုတ်နိုင်ငံသည် ရေနံစိမ်းစည်ပေါင်း ၂၈၁ ဒသမ ၆၇ သန်း ထုတ်လုပ်နိုင်ခဲ့ရာ ၂၀၀၆ ခုနှစ်ကာလကထက် ၂ ဒသမ ၂၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဇန်နဝါရီ ၂၁ ရက်က တရုတ်ရေနံနှင့် ဓာတုပစ္စည်းကော်ပိုရေးရှင်း (စီနိုပက်စ်)က သတင်းထုတ်ပြန်သည်။

ယခင်နှစ်အတွင်း သဘာဝဓာတ်ငွေ့ ၂၈၃ကုဗဘီလီယံ၊ ရေနံတန်ချိန် ၁၅၅ ဒသမ ၅၈သန်း၊ ဓာတ်ဆီတန်ချိန် ၂၄ ဒသမ ၆၈သန်း၊ ဒီဇယ်တန်ချိန် ၆၀ ဒသမ ၀၈သန်းနှင့်ဓာတုပစ္စည်းတန်ချိန် ၂၃ ဒသမ ၄၇သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

ယမန်နှစ်က ပြည်တွင်း၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှ တန်ချိန် ၁၁၉ ဒသမ ၃၉ သန်း ဖြန့်ဖြူးရောင်းချနိုင်ခဲ့သည်။

စီနိုပက်စ် ရေနံနှင့် ဓာတုပစ္စည်းကုမ္ပဏီသည် တရုတ်နိုင်ငံအတွင်း အကြီးမားဆုံး ထုတ်လုပ်နိုင်သည့် ကုမ္ပဏီဖြစ်ပြီး ၎င်းကုမ္ပဏီမှ ဟောင်ကောင်၊ နယူးယောက်၊ လန်ဒန်နှင့် ရှန်ဟိုင်းမြို့စသည်တို့နှင့် ယှဉ်ပြိုင်ထုတ်လုပ်နိုင်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့ အသန့်ရှင်းဆုံးမြို့ ယူအေအီး၌ တည်ဆောက်မည်

အဘူဒါဘီ ဇန်နဝါရီ ၂၃

ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုမရှိ၊ စွန့်ပစ်ပစ္စည်းများမရှိ၊ ကားဖြတ်သန်းသွားလာမှုမရှိသော ကမ္ဘာ့အသန့်ရှင်းဆုံးမြို့ကို ယူအေအီးကုမ္ပဏီတစ်ခုက တည်ဆောက်သွားမည်ဖြစ်ကြောင်း ဒေသထုတ် ခါလီတိုင်း(မ်) သတင်းစာက ဇန်နဝါရီ ၂၀ ရက်တွင် ရေးသားဖော်ပြသည်။

အဆိုပါ စီမံကိန်းကို ယူအေအီး ကုမ္ပဏီဖြစ်သည့် မက်စ်ဒါးက ၂၀၁၅ ခုနှစ်တွင် အပြီးတည်ဆောက်မည် ဖြစ်ကြောင်း၊ ယင်းစီမံကိန်းမှာ ခြောက်စတုရန်းကီလိုမီတာကျယ်ဝန်းကြောင်း၊ မြို့မှာ အဘူဒါဘီနိုင်ငံတကာ လေဆိပ်အနီး၌ တည်ရှိကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

သုံးစွဲ

အဆိုပါမြို့အတွက် လျှပ်စစ်ဓာတ်အားကို နေရောင်ခြည် စွမ်းအင်သုံး ဆိုလာပြားများမှတစ်ဆင့် ရယူသုံးစွဲမည်ဟု ဆိုသည်။

ယင်းမြို့၏အတွင်း၌ မြေယာရှုခင်းများဖြင့် အလှဆင်ထားပြီး မြို့၏အပြင်ဘက်တွင် ကောက်ပဲသီးနှံများ စိုက်ပျိုးထားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အကျိုးဆောင်ကုမ္ပဏီ

တရုတ်-ဟောင်ကောင်ရှိ စီးပွားရေးလုပ်ငန်းရှင်များ အကျိုးဆောင်ကုမ္ပဏီတစ်ခု၏ လုပ်ငန်းခွင်ကို ဇန်နဝါရီ ၂၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှား၌ ငှက်ဖျားရောဂါဖြစ်ပွားမှု ၂၀၀၇ ခုနှစ်အတွင်း လူသုံးသန်းအထိရှိ

ဂျကာတာ ဇန်နဝါရီ ၂၃

အင်ဒိုနီးရှားနိုင်ငံ၌ ငှက်ဖျားရောဂါဖြစ်ပွားမှုမှာ ၂၀၀၇ခုနှစ်အတွင်း လူသုံးသန်းအထိ ဖြစ်ပွားခဲ့ကြောင်း၊ ယင်းအရေအတွက်မှာ ၂၀၀၆ ခုနှစ်က ငှက်ဖျားရောဂါဖြစ်ပွားမှု ၁ ဒသမ ၈ သန်းရှိရာမှ မြင့်တက်လာခြင်းဖြစ်ကြောင်း အစိုးရထုတ်ပြန်ကြေညာချက်ကို ဒေသထုတ်သတင်းစာက ဇန်နဝါရီ ၂၁ ရက်တွင် ဖော်ပြသည်။

အများဆုံးဖြစ်

ရောဂါအသစ် ထပ်မံဖြစ်ပွားလျက်ရှိသော ဒေသများသို့ ဖွဲ့စည်းထားသော ကျန်းမာရေးအဖွဲ့အစည်းများ အစိုးရက စေလွှတ်ထားကြောင်း၊ ပါပွားပြည်နယ်အရှေ့ပိုင်းဒေသသည် ရောဂါအဖြစ်အများဆုံးဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာက ဖော်ပြသည်။

တိုးပွား

ငှက်ဖျားရောဂါအသစ် ဖြစ်ပွားရာဒေသများနှင့် တိုးပွားလာရာဒေသများတွင် အပူပိုင်းသစ်တောများ၌ အများဆုံးတွေ့ရကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ငှက်ဖျားပိုးသယ်ဆောင်သော ခြင်ပေါက်ပွားရာနေရာများ တိုးပွားလာခြင်းကြောင့်လည်း ငှက်ဖျားရောဂါဖြစ်ပွားမှု တိုးပွားလာရခြင်း၏ အဓိကအကြောင်းတရားဖြစ်သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဂါဇာနယ်စပ်မှ ဖြတ်ကျော်လာသော အမျိုးသမီးများအား အီဂျစ်လုံခြုံရေးအဖွဲ့ သေနတ်ဖြင့်ပစ်ဖောက်တားဆီး

ဂါဇာ ဇန်နဝါရီ ၂၃

ဂါဇာကမ်းမြောင်ဒေသမှ နယ်စပ်ဖြတ်ကျော်မျဉ်းကို ဖြတ်ကူးရန်ကြိုးစားနေသော ပါလက်စတိုင်းအမျိုးသမီးများအား အီဂျစ်လုံခြုံရေး အစောင့်တပ်ဖွဲ့က လေထဲတွင် သေနတ်များပစ်ဖောက်၍ တားဆီးခဲ့ကြောင်း ဇန်နဝါရီ ၂၂ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ရာပေါင်းများစွာသော ပါလက်စတိုင်းအမျိုးသမီးများသည် အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသကို ပိတ်ဆို့ထားခြင်းကြောင့် အီဂျစ်နိုင်ငံဘက်မှ ဖွင့်ပေးရန် တောင်းဆိုနေကြသည်။ **(ယာပုံ)**

ဒဏ်ရာရရှိခဲ့

အဆိုပါအခင်းဖြစ်ပွားမှုတွင် ပါလက်စတိုင်းလေးဦး ဒဏ်ရာရရှိပြီး အီဂျစ်ရဲတပ်ဖွဲ့ဝင်တစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

ဖြတ်တောက်ထား

အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသသို့ လောင်စာဆီဖြန့်ဝေပေးခြင်းမရှိဘဲ လေးရက်ကြာ ဖြတ်တောက်ထားသည်။

ဟားမတ်စ်တို့သည် ဇွန်လကတည်းက ဂါဇာကိုထိန်းချုပ်ထားပြီး အီဂျစ်နိုင်ငံဘက်ကိုလည်း ပိတ်ဆို့ထားသည်။ **(အင်တာနက်)**

သီရိလင်္ကာတွင် တိုက်ပွဲဖြစ်ပွား အကြမ်းဖက်သမား ၁၅ ဦးသေဆုံး

ကိုလံဘို ဇန်နဝါရီ ၂၃

သီရိလင်္ကာနိုင်ငံ ဂျက်ဖ်ဖင်နာ ကျွန်းဆွယ်မြောက်ပိုင်း၌ ဇန်နဝါရီ ၂၁ ရက်က တမီးလ်ကျား အကြမ်းဖက်သမားများနှင့် အစိုးရတပ်များအကြား တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး အကြမ်းဖက်သမား ၁၅ ဦး သေဆုံးပြီး စစ်သားနှစ်ဦး သေဆုံးသွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တိုက်ခိုက်

သီရိလင်္ကာအစိုးရတပ်များသည် တမီးလ်ကျားအကြမ်းဖက်သမားတို့အား အဆိုပါ ကျွန်းဆွယ်၌ တိုက်ခိုက်ခဲ့ကြောင်း၊ အကြမ်းဖက်သမား ၁၅ ဦး သေဆုံးပြီး ၃၀ ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းတိုက်ပွဲ၌ အစိုးရတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်၌ တိုက်ပွဲဖြစ်ပွား စစ်သွေးကြွ ၃၇ ဦးသေဆုံး

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၃

ပါကစ္စတန်နိုင်ငံ ဝါဇီရီစတန်ပြည်နယ်တောင်ပိုင်း၌ အစိုးရတပ်များနှင့် တာလီဘန်လိုလားသော စစ်သွေးကြွများအကြား ဇန်နဝါရီ ၂၁ ရက် ညပိုင်းက တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်သွေးကြွ ၃၇ ဦးသေဆုံးသွားကြောင်း ပါကစ္စတန်တပ်များက ပြောကြားသည်။

သေဆုံး

သို့သော်လည်း စစ်သွေးကြွများက ပြောကြားရာတွင် ယင်းတိုက်ပွဲ၌ စစ်သွေးကြွတစ်ဦးသာ သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိသည်ဟု ဆိုသည်။ အဆိုပါဒေသသည် အယ်လ်ခိုင်ဒါနှင့် တာလီဘန်အများစု နေထိုင်ကျက်စားရာဒေသ ဖြစ်သည်။ **(အင်တာနက်)**

ဂျန်ဂျာဝီ ပြည်သူ့စစ်များ ထပ်မံတိုက်ခိုက် ဆူဒန် ဒါဖာဒေသ အခြေအနေဆိုးရွား

ဒါဖာ ဇန်နဝါရီ ၂၃

ဒါဖာဒေသ၌ နိုင်ငံတကာငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်များ ဖြန့်ကြက်ရေးကို မဟန့်တားရန် အမ်နက်စတီးစင်တာနေရှင်နယ်ခေါ် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ဆူဒန်အစိုးရကို တိုက်တွန်းလိုက်သည်။

ကြေညာ

ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များက ဒုက္ခသည်စခန်းများအတွင်း ဂျန်ဂျာဝီ ပြည်သူ့စစ်များ ထပ်မံတိုက်ခိုက်လာခြင်းကို အမြန်ထိန်းချုပ်ကာကွယ်ပေးရန် လိုအပ်ကြောင်း၊ ဒါဖာဒေသ အခြေအနေမှာ ပေါက်ကွဲလုမတတ် အဆင့်သို့ ရောက်ရှိနေကြောင်း အမ်နက်စတီးက ကြေညာသည်။

စွပ်စွဲ

ဆူဒန်အစိုးရတပ်များက ဆက်လက် တိုက်နေပြီး ဂျန်ဂျာဝီ တိုက်ခိုက်ရေးသမားများကိုလည်း လက်နက်များ ထပ်မံတပ်ဆင်ပေးနေသည်ဟု အမ်နက်စတီးက စွပ်စွဲလိုက်သည်။ **(အင်တာနက်)**



ဂျာမနီနိုင်ငံ အနောက်မြောက်ပိုင်း ဘိုချန်ပြည်နယ်ရှိ နိုကီသံမဏိစက်ရုံကို ဇန်နဝါရီ ၂၂ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ကြက်ငှက်တုပ်ကွေး အိန္ဒိယ၌ပျံ့နှံ့

ဘန်ဂလ်(အိန္ဒိယ) ဇန်နဝါရီ ၂၃

အိန္ဒိယနိုင်ငံ အနောက် ဘန်ဂလ်ပြည်နယ်မှ တာဝန်ရှိသူများက အခြားပြည်နယ်ရှိသူများအား ကြက်ငှက်တုပ်ကွေးရောဂါပိုး သံသယရှိသည့် ကြက်နှစ်သန်းခန့်ကို သုတ်သင်ရှင်းလင်းရာတွင် ကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုက်သည်။

အဆိုပါရောဂါသည် ထိန်းချုပ်ရန် ခက်ခဲလာနိုင်ကြောင်း ပြည်နယ် တာဝန်ရှိသူများက သတိပေးပြောကြားလိုက်သည်။

ငှက်အချို့တွင် လူကိုကူးစက်နိုင်သော H_5N_1 ဗိုင်းရပ်စ်ပိုး တွေ့ရှိရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုအခါ ဘန်ဂလ်ပြည်နယ် ၁၉ ခရိုင်ရှိရာတွင် ခရိုင်ခုနစ်ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေကြောင်း ဖြင့်လည်း တာဝန်ရှိသူများက ပြောကြားသည်။

ထိုအတောအတွင်း နီပေါနိုင်ငံကလည်း အိန္ဒိယမှကြက်သားတင်သွင်းခြင်းကို ပိတ်ပင်ထားပြီး အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားနေခြင်းကိုလည်း စိုးရိမ်ပူပန်နေသည်ဟု ထပ်လောင်း ပြောကြားသည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံ ဘန်ဂလ်ပြည်နယ်၌ ကျန်းမာရေး ဝန်ထမ်းများက ကြက်များတွင် H_5N_1ရောဂါပိုး စမ်းသပ်စစ်ဆေးနေသည်ကို ဇန်နဝါရီ ၂၁ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အန်ဘာပြည်နယ်၌ အသေခံဗုံးခွဲ တိုက်ခိုက် ခြောက်ဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရရှိ

ဖလူးဂျာ (အီရတ်) ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံ အန်ဘာပြည်နယ်၌ ဇန်နဝါရီ၂၀ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ခြောက်ဦး သေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိသွားကြောင်း၊ ယင်းဒေသသည် ဒေသနေပြည်သူများက အယ်ခိုင်ဒါတို့အား ဆန့်ကျင်ခဲ့ပြီးနောက် အကြမ်းဖက်မှုများ ဆက်တိုက်ဖြစ်ပွားလာနေကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အသေခံဗုံးခွဲ

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုသည် ဖလူးဂျာမြို့တောင်ပိုင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အသေခံဗုံးခွဲတိုက်ခိုက်သူသည် အမျိုးသားတစ်ဦး၏ နေအိမ်အတွင်းဝင်ရောက်ကာ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဇန်နဝါရီ ၁၉ ရက်ကလည်း အန်ဘာပြည်နယ် ရာမာဒီမြို့အနောက်ပိုင်း ရဲစခန်းအပြင်ဘက်၌ အသေခံဗုံးနှစ်လုံး ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိသွားကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

နိုင်ငံတကာ သတင်းများ

တောင်ကိုရီးယား၌ အမေရိကန်စစ်လေယာဉ်များ ဖြန့်ကြက်ချထားမှု နျူကလီးယားဖျက်သိမ်းရေးလမ်းစဉ်ကို ဆန့်ကျင်ရာရောက်ဟုဆို

ပြုံယမ်း ဇန်နဝါရီ ၂၃

အမေရိကန်နိုင်ငံအနေဖြင့် မကြာသေးမီက တောင်ကိုရီးယားနိုင်ငံတွင် တိုက်လေယာဉ်များ ချထားသည့် လုပ်ရပ်သည် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားဖျက်သိမ်းရေးလမ်းစဉ်ကို သွေဖည်နေကြောင်း ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံက ဇန်နဝါရီ ၁၉ ရက်တွင် စွပ်စွဲပြောကြားလိုက်သည်။

ယင်းကဲ့သို့ လုပ်ရပ်များသည် အမေရိကန်၏ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံအား ရန်လိုသည့် သဘောကို ထင်ဟပ်ပြနေခြင်း ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ အရာရှိတစ်ဦးက ကိုရီးယားဗဟိုသတင်းဌာန (ကေစီအင်န်အေ)သို့ ပြောကြားသည်။

အထက်တွင်ဆိုခဲ့ပြီးသော အမေရိကန်၏ တပ်ဖြန့်ချထားမှုသည် ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်မှုနှင့် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယား ဖျက်သိမ်းမှုကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးလုပ်ငန်းစဉ်အား စိန်ခေါ်ရာရောက်ကြောင်း ယင်းအရာရှိ၏ ပြောကြားချက်ကို ကိုးကား၍ ကေစီအင်န်အေသတင်းဌာနက ထုတ်ပြန်သည်။

အမေရိကန်အစိုးရအနေဖြင့် ထိုကဲ့သို့ ရန်စခြင်းမျိုးကို ချက်ချင်းရပ်ဆိုင်းရန်နှင့် ကိုရီးယားကျွန်းဆွယ်တွင် ၎င်း၏ဝတ္တရားဖြစ်သည့် ငြိမ်းချမ်းရေးကို ရိုးသားစွာဖြည့်ဆည်းပေးရန် ယင်းပြောရေးဆိုခွင့်ရှိသူက တောင်းဆိုသည်။

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ဒေသတွင်း လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိပါးသည့် မည်သည့်စိန်ခေါ်မှုနှင့် ရန်စမှုမျိုးကိုမဆို ရင်ဆိုင်ရန် ၎င်း၏ ကာကွယ်ရေး အင်အားကို ဖြည့်တင်းရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထိုင်းတောင်ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား

ဗန်ကောက် ဇန်နဝါရီ ၂၃

ထိုင်းနိုင်ငံတောင်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားသည့် နာရာသီဝပ်ပြည်နယ်၌ ဇန်နဝါရီ ၂၁ရက်က လမ်းဘေးဗုံးပေါက်ကွဲခြင်းနှင့် သေနတ်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လုံခြုံရေးကင်းလှည့်တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိကြောင်း ပြည်နယ်အာဏာပိုင်က ပြောကြားသည်။

အဆိုပါ အကြမ်းဖက်သမားများသည် သစ်သီးခြံတစ်ခုအနီး၌နေလျက် အဝေးထိန်းခလုတ်ဖြင့်ပစ်ခတ်ခဲ့ရာ တပ်ဖွဲ့ဝင်ခြောက်ဦးနှင့် အရာရှိနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းသို့ဖောက်ခွဲပြီးနောက် တောနက်အတွင်းသို့ ထွက်ပြေးတိမ်းရှောင်သွားကြောင်း ထပ်လောင်းပြောကြားသည်။

ဒဏ်ရာရရှိသူများအား ပြည်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကင်ညာ ရွေးကောက်ပွဲ ဆန္ဒပြသူများ ရဲနှိမ်နင်းမှုကြောင့် အများအပြားသေဆုံး

နိုင်ရိုဘီ ဇန်နဝါရီ ၂၃

ကင်ညာနိုင်ငံ၌ ပြီးခဲ့သည့် ရက်သတ္တပတ်က ကန့်ကွက်ဆန္ဒပြမှုများတွင် ရဲတပ်ဖွဲ့က အင်အားအလွန်အကျွံသုံးစွဲသည်ဆိုကာ ကင်ညာအတိုက်အခံတို့က နိုင်ငံတကာ ရာဇဝတ်တရားရုံး(အိုင်စီစီ)သို့ တိုင်ကြားလိုက်သည်။

ဆန္ဒပြစဉ် ရဲတပ်ဖွဲ့က အင်အားအလွန်အကျွံသုံးစွဲသဖြင့် လူ ၃၀ ကျော် သေဆုံး ရသည်ဟု ဆိုသည်။ ကန့်ကွက်ဆန္ဒပြသူများအတွင်း လူ ၆၅၀ကျော် သေဆုံးပြီး ၂၅၀၀၀၀ ကျော်တို့ အိုးအိမ်စွန့်ခွာထွက်ပြေးကြသည်ဟု ပြောကြားသည်။

ကင်ညာအာဏာပိုင်များကလည်း အတိုက်အခံများကို တန်ပြန်တရားစွဲရန် စီစဉ်နေကြောင်း အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အဲဖရက်မူတူအာက ပြောဆိုသည်။

ပြီးခဲ့သည့်လက ကင်ညာသမ္မတ ရွေးကောက်ပွဲရလဒ်ကြေညာမှုနှင့်အတူ တစ်နိုင်ငံလုံးဆူပူအကြမ်းဖက်လာစေသည့် နိုင်ငံရေးအကျပ်အတည်းကို ကူညီဖြေရှင်းပေးမည်ဟု နိုင်ရိုဘီသို့ ရောက်ရှိလာသည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က ပြောကြားသည်။ **(အင်တာနက်)**

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

ဆီးနှင်းထူထပ်

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့အရှေ့ဘက် ပြုံချန်မြို့တွင် ဇန်နဝါရီ ၂၃ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းနေသည့် မြင်ကွင်းကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ပြင်သစ်နိုင်ငံ ကမ်းလွန် အတ္တလန္တိတ် သမုဒ္ဒရာတွင် ဇန်နဝါရီ ၂၂ ရက်က ရုရှားတို့၏ အကြီးကျယ်ဆုံး စစ်ရေးလေ့ကျင့်မှု ပြုလုပ်ရာ၌ ပါဝင်ဆင်နွှဲနေသော ရုရှား ဗုံးကြဲ လေယာဉ်ကို ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ပြိုကျ

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ဇန်နဝါရီ ၂၂ ရက်က ဆီးနှင်းများ ထူထပ် သိပ်သည်းစွာ ကျဆင်းခဲ့ရာ ဆီးနှင်းခဲများကြောင့် ပြိုကျခဲ့သည့် နေအိမ် တစ်လုံးကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာမှခင်းဖြစ်ရပ်

ကြမ္မာဆိုး၏သားကောင်

မီယာမီမြို့သည် အမေရိကန် နိုင်ငံ ဖလော်ရီဒါပြည်နယ် အရှေ့တောင်ပိုင်း ကမ်းရိုးတန်းရှိ အပန်းဖြေကမ်းခြေမြို့ဖြစ်သည်။ လူဦးရေ လေးသိန်း နီးပါး နေထိုင်သော သာယာလှပသည့်မြို့ဖြစ်ပြီး ပြည်တွင်း ပြည်ပမှ ဧည့်သည်များ လာရောက်ကြသဖြင့် အမြဲတစေ စည်ကားနေသည်။

လုပ်ကျွေး

ထိုမြို့သည် ဂျို့စ်ပါဒီလာဆိုသူ လူငယ်တစ်ဦးနေထိုင်ရာ မြို့ဖြစ်သည်။ ပါဒီလာသည် ထိုမြို့တွင် မိဘနှစ်ပါးနှင့် အတူနေထိုင် ကြီးပြင်းလာခဲ့သည်။ တစ်ဦးတည်းသော သားဖြစ်သူ ပါဒီလာသည် မိဘများအပေါ်တွင် အလိုက်သိတတ်သည့် သားလိမ္မာ ဖြစ်သည်။ ပညာရေးတွင် အလယ်အလတ်အဆင့်တွင်ရှိပြီး သိပ္ပံဘွဲ့တစ်ခုကို ရရှိအောင် ကြိုးစား သင်ယူခဲ့သည်။ သူသည် လွန်ခဲ့သော ၁၄နှစ် ၁၉၉၄ ခုနှစ်က ဘွဲ့ရရှိခဲ့သည်။ ပါဒီလာသည် ဘွဲ့ရပြီးနောက် အကျိုးဆောင်ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်ရောက်လုပ်ကိုင်ကာ အေးချမ်းစွာ နေထိုင်ပြီး မိဘနှစ်ပါးကို လုပ်ကျွေးခဲ့သည်။

ဒုက္ခဖြစ်ခဲ့

မိသားစု သုံးဦးသာရှိသော ပါဒီလာ၏ဘဝသည် စိတ်အေးလက်အေး ရှိကာ ဘဝကို ပျော်ရွှင် အပူအပင်ကင်းစွာ ဖြတ်သန်းနိုင်ခဲ့သည်။ ပါဒီလာ အလုပ်ဝင်ပြီး ၁၀နှစ်အကြာ ၂၀၀၄ခုနှစ်တွင် သူ့အဖို့ မမျှော်လင့်၊ မထင်မှတ်သော ကံကြမ္မာ အလှည့်အပြောင်းနှင့် ရင်ဆိုင်ခဲ့ရကာ သူ့ဘဝတစ်ခုလုံး ဇောက်ထိုးမိုးမျှော် ဖြစ်ခဲ့ရသည်။ ၂၀၀၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် သူ့အတွက် မိတ်ဆွေသစ် နှစ်ဦး တိုးခဲ့ရသည်။ ၎င်းတို့မှာ အသက် ၄၁ နှစ်အရွယ်ရှိ အဒမ်အာမင်ဟက်ဆွန်းနှင့် အသက် ၄၀အရွယ်ရှိ ကီဖက်ချ်ဝေးလ်ဂျေယိုဆီတို့ ဖြစ်ကြသည်။ မွေးချင်းပေါက်ဖော်မရှိသည့်အပြင် ရိုးသားသော ပါဒီလာသည် မိတ်ဆွေသစ်နှစ်ဦးကို ညီအစ်ကို အရင်းများသဖွယ် ခင်မင်ခဲ့မိလေသည်။ ထိုသို့ ခင်မင်မှုသည် သူ့အား ဒုက္ခဖြစ်စေမည်ဟု မသိနိုင်ခဲ့ပေ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ကြမ္မာဆိုး၏ သားကောင်ဖြစ်ခဲ့ရသူ ဂျို့စ်ပါဒီလာ။

(အင်တာနက်ဓာတ်ပုံ)

ဝင်ရောက်ရှာဖွေ

၂၀၀၄ခုနှစ် နှစ်လယ်ပိုင်းတွင် အဆိုပါ မိတ်ဆွေနှစ်ဦးက ၎င်း၏အိမ်တွင် ပစ္စည်းအထုပ်များ လာထားသည်ကို စိတ်ချယုံကြည်စွာ လက်ခံမိသလို ဖွင့်ဖောက်စစ်ဆေးမှု မလုပ်ခဲ့ပေ။ ၎င်းတို့ ပစ္စည်းထားပြီးနောက်နေ့တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့များနှင့် ရဲတပ်ဖွဲ့များ ရောက်လာကာ ပါဒီလာ၏ အိမ်သို့ ဝင်ရောက်ရှာဖွေခဲ့တော့သည်။ ယင်းမှ တစ်ဆင့် ပါဒီလာ၏ မိတ်ဆွေနှစ်ဦး အပ်ထားခဲ့သော ပစ္စည်းများကို တွေ့ရှိပြီး ဖွင့်ဖောက် စစ်ဆေးခဲ့ကြရာမှ လျှပ်စစ်ဆက်စပ်ပစ္စည်းများကို တွေ့ရတော့သည်။

စွဲချက်တင်ခံရ

ထို့ကြောင့် ပါဒီလာကို အကြမ်းဖက်ရန် ကြံစည်သူအဖြစ် စွပ်စွဲပြီး ဖမ်းဆီးခဲ့သဖြင့် မိဘနှစ်ပါးမှာ ရင်ကျိုးရတော့သည်။ ပါဒီလာထံ ပစ္စည်းအပ်သောသူ နှစ်ဦးကိုလည်း ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ယင်းစွဲချက်များဖြင့် ပါဒီလာကို သီးသန့်ချုပ်ထားကာ ကျန်နှစ်ဦးကို သပ်သပ်ခွဲပြီး ထိန်းသိမ်းခဲ့သည်။ ယင်းအမှုကို လေးနှစ်အကြာ ၂၀၀၈ခုနှစ်တွင် ရုံးတင်စစ်ဆေးခဲ့သည်။ လျှပ်စစ် ဆက်စပ်ပစ္စည်းများ လက်ဝယ် တွေ့ရှိရသူ ပါဒီလာသည် ယင်းစွဲချက်ဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျခံရန် စွဲချက်တင်ခံထားရသည်။

ထောင်ဒဏ်အသီးသီးချမှတ်

သို့သော်လည်း အမေရိကန် မီယာမီခရိုင် တရားသူကြီး မာစီယာကူကီက စစ်ဆေးတွေ့ရှိချက်များအရ ပါဒီလာနှင့် အပေါင်းပါများသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်ဒဏ်ရာရစေခြင်း၊ ပြန်ပေးဆွဲခြင်း၊ သတ်ဖြတ်ခြင်းတို့ကို မည်သည့်အခါကမျှ ကျူးလွန်ကြောင်း မတွေ့ရှိရသဖြင့် အသက် ၃၇နှစ်ရှိ ပါဒီလာကို သက်ညှာသောအားဖြင့် ထောင်ဒဏ် ၁၇နှစ် လေးလ၊ အသက် ၄၅နှစ်ရှိ ဟက်ဆွန်းကို ထောင်ဒဏ် ၁၅နှစ် ရှစ်လ၊ အသက် ၄၆နှစ်ရှိ ဂျေယိုဆီကို ထောင်ဒဏ် ၁၂နှစ် ရှစ်လ အသီးသီး ချမှတ်ခဲ့သည်။

ထောင်မှလွတ်မည်

ထို့ကြောင့် ပါဒီလာသည် ပြစ်ဒဏ်မကျမီ အချုပ်ခံရသည့် လေးနှစ်ကို လျှော့ရက်အဖြစ်နုတ်လျှင် နောက်ထပ် ၁၃ နှစ်သာ ကျခံရမည်ဖြစ်သဖြင့် အသက် ၅၀ အရွယ်တွင် ထောင်မှ လွတ်လာမည် ဖြစ်သည်။

သင်ခန်းစာယူသင့်

ဤဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် အပေါင်းအသင်းမှားမှုကြောင့် ကြမ္မာဆိုး၏ သားကောင်ဖြစ်သွားရရှာသူ ပါဒီလာ၏အဖြစ်ကို သင်ခန်းစာယူသင့်ကြောင်း ဖော်ပြလိုက်ရပေသည်။ ။

ပါဒီလာ အလုပ်ဝင်ပြီး ၁၀နှစ် အကြာ ၂၀၀၄ခုနှစ်တွင် သူ့အဖို့ မမျှော်လင့်၊ မထင်မှတ်သော ကံကြမ္မာ အလှည့်အပြောင်းနှင့် ရင်ဆိုင်ခဲ့ရကာ သူ့ဘဝတစ်ခုလုံး ဇောက်ထိုး မိုးမျှော်ဖြစ်ခဲ့။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၃-၁-၂၀၀၈

ဟားမတ်စ်တို့ အစ္စရေးတို့အား ဒုံးကျည်ပစ်ခတ်မှုရပ်ဆိုင်းရန် ရုရှားကတိုက်တွန်း

ပါလက်စတိုင်းရှိ ဟားမတ်စ်အဖွဲ့အနေဖြင့် အစ္စရေးနိုင်ငံအား ဒုံးကျည်များဖြင့်ပစ်ခတ်နေမှုကို ရပ်တန့်ရန် ရုရှားက တိုက်တွန်းလိုက်သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗ်ရောဗ်က ဟားမတ်စ်အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ ခါလစ်မာရှယ်နှင့် တယ်လီဖုန်းဖြင့် ဆွေးနွေးစဉ် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်ဆိုင်းမှသာ နှစ်ဖက်ငြိမ်းချမ်းရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ရေနံသုံးစွဲမှု ၂၀၃၀ ပြည့်နှစ်၌ မြင့်မားလာမည်

ကမ္ဘာ့ရေနံသုံးစွဲမှုတိုးတက်မြင့်မားလာလျက်ရှိရာ ၂၀၃၀ပြည့်နှစ်၌ ကမ္ဘာ့ရေနံသုံးစွဲမှုမှာ တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၁၈ သန်းအထိ ရှိလာမည်ဖြစ်ကြောင်း အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)စွမ်းအင်ဝန်ကြီးက ပြောကြားသည်။

၂၀၀၇ ခုနှစ်က ကမ္ဘာ့ရေနံသုံးစွဲမှုမှာ တစ်နေ့လျှင် ရေနံစည် ၈၅ ဒသမ ၈ သန်း ရှိခဲ့သဖြင့် ၂၀၃၀ပြည့်နှစ်၌ ကမ္ဘာ့ရေနံသုံးစွဲမှုပမာဏကို ကြိုတင်တွက်ချက်ပြောကြားခြင်းဖြစ်ကြောင်း ယူအေအီး စွမ်းအင်ဝန်ကြီး မိုဟာမက်ဘင်ဒီဘင်က ပြောကြားသည်။

ကျန်းမာရေးစရိတ် စင်ကာပူ၌ မြင့်တက်

စင်ကာပူနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှု ငွေကြေးကုန်ကျစရိတ်မှာ ၂၀၀၇ခုနှစ်က ၆ဒသမ ၂ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း စင်ကာပူ ကျန်းမာရေးအရာရှိများက ပြောကြားသည်။

အဆိုပါ ကျန်းမာရေးကုန်ကျမှုငွေကြေးမှာ လွန်ခဲ့သည့် ငါးနှစ်ခန့်ကထက် ၂ ဒသမ ၄ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ ကျန်းမာရေးဆိုင်ရာ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ တင်သွင်းမှု စရိတ်ကြီးမြင့်လာခြင်းကြောင့်ဖြစ်ကြောင်းရင်းတို့ကပြောကြားသည်။

အီးယူထိပ်တန်းသံတမန်နှင့် မူရှာရက်ဖ်တွေ့ဆုံ

ပါကစ္စတန်သမ္မတပါဗက်ဇ်မူရှာရက်ဖ်သည် ဥရောပသမဂ္ဂ(အီးယူ)ထိပ်တန်းသံတမန် ဂျာဗီရာဆိုလာနာနှင့်ဘရပ်ဆဲလ်မြို့တွင် တွေ့ဆုံဆွေးနွေးသည်။

ပါဗက်ဇ်မူရှာရက်ဖ်နှင့် ဂျာဗီရာဆိုလာနာတို့သည် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ပါကစ္စတန်နိုင်ငံ၏ပြည်တွင်းအခြေအနေများနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့သည်။

ကမ္ဘာ့ အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်း ယူအေအီး၌ တည်ဆောက်မည်

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံက သဘာဝစွမ်းအင်ထုတ်ယူရေးတွင် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ယူအေအီးစွမ်းအင်အရာရှိများက ပြောကြားလိုက်သည်။

ယူအေအီးနိုင်ငံတွင် ကမ္ဘာပေါ်၌ အကြီးမားဆုံးရေအားလျှပ်စစ်စီမံကိန်းတစ်ရပ်ကို မကြာမီတည်ဆောက်မည်ဖြစ်ပြီး အမြန်ဆုံးပြီးစီးရန် ကြိုးပမ်းသွားမည်ဟု ၎င်းတို့က ပြောကြားသည်။

ကြက်ငှက်တုပ်ကွေး ဘင်္ဂလားဒေ့ရှ်တောင်ပိုင်း၌ဖြစ်ပွား

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းဆာဒါစာရိုင်ရှိ ကူရာဘူနီရာရွာတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ကြက်၊ ဘဲကောင်ရေ လေးထောင်ကျော်ကို သတ်ဖြတ်ခဲ့ရပြီး ကြက်ဥ၊ ဘဲဥ ထောင်ပေါင်းများစွာကို ဖျက်ဆီးခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ် အရာရှိများက ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသော အဆိုပါကျေးရွာ၏ တစ်ကီလိုမီတာ ဝန်းကျင်နေရာအား သတ်မှတ်မြေအဖြစ် ဘင်္ဂလားဒေ့ရှ် အရာရှိများ သတိပေးတားဆီးမှုအမိန့် ထုတ်ပြန်ထားသည်။

နယ်စပ်လုံခြုံရေးအတွက် တပ်ဖွဲ့ဝင် ၃၀၀ အီဂျစ်စေလွှတ်

အီဂျစ်နှင့် ဂါဇာကမ်းမြောင်ဒေသ နယ်စပ်တွင် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်နိုင်ရန် အီဂျစ်နိုင်ငံက လုံခြုံရေးတပ်ဖွဲ့ဝင် ၃၀၀ ကို စေလွှတ်လိုက်ကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

ပါလက်စတိုင်းအရာရှိများက နယ်စပ်လုံခြုံရေး တိုးမြှင့်ဆောင်ရွက်ရန် တောင်းဆိုမှုကြောင့် အီဂျစ်နယ်စပ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များစေလွှတ်လိုက်ခြင်းဖြစ်ပြီး နှစ်ဦးနှစ်ဖက် နယ်စပ်လုံခြုံရေးပူးတွဲသွားမည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

အာဖဂန်တောင်ပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွား

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် တာလီဘန် တိုက်ခိုက်ရေးသမားများနှင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အာဖဂန်ရဲတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးသွားကြောင်း အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဂျာလီခရိုင်အတွင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များကို အကူအညီပေးနေသော အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင်များအား တာလီဘန်တိုက်ခိုက်ရေးသမားတို့က ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❒ **အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဇန်နဝါရီ ၂၂ ရက်က ရစ်ထပ်အမြင့်ရှိ ကားရပ်နားရာနေရာမှ မော်တော်ကားတစ်စီး အင်ဂျင်ချွတ်ယွင်းပြီး အရှိန်လွန်ကာ အတားအဆီးများကိုတိုက်ပြီး မြေပြင်သို့ ပြုတ်ကျခဲ့သဖြင့် ယာဉ်မောင်းသေဆုံးပြီး မော်တော်ယာဉ်လည်း ပျက်စီးခဲ့သည်။**

❒ ကနေဒါနိုင်ငံ အင်ဒန်မြို့တွင် ဇန်နဝါရီ ၂၂ ရက်က အဆောက်အအုံတစ်ခု၌ မော်တော်ယာဉ်တစ်စီးမှ အလုံးအရင်းဖြင့်ထွက်ရှိသော မီးခိုးများရှူရှိုက်မိသဖြင့် လူရှစ်ဦးဆေးရုံတင်ခဲ့ရသည်။

❒ **အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် နီဝတ်မြို့၌ ဇန်နဝါရီ ၂၂ ရက်က လူနေအဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ အဆောက်အအုံအတွင်း ပိတ်မိနေသူ ၁၈ဦးကို ခက်ခက်ခဲခဲ ကယ်ဆယ်ခဲ့ရသည်။**

❒ တရုတ်နိုင်ငံ အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ဇန်နဝါရီ ၂၃ ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းရာ ၂၅ဦး သေဆုံးခဲ့သည်။

❒ **ဇမ်ဘီယာနိုင်ငံ အလယ်ပိုင်းဒေသများ၌ ဇန်နဝါရီ ၂၂ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားရာ ဒေသခံ ၁၇ ဦး သေဆုံးခဲ့သည်။**

❒ တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် အရှေ့ဘက်ကမ်းလွန်၌ ဇန်နဝါရီ ၂၂ ရက်က သေဆုံးနေသည့် ဝေလငါးကြီးတစ်ကောင်ကို ငါးဖမ်းသမားများတွေ့ရှိခဲ့ရာ ထိုဝေလငါးကြီးသည် အလေးချိန် ၁၀ တန်ခန့်ရှိသည်။

❒ **အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှ ခရီးသည် ၁၈၇ ဦးကို တင်ဆောင်ပျံသန်းလာသော လေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၂၂ ရက်က မုန်တိုင်းတိုက်ခတ်မှုနှင့် ကြုံတွေ့ခဲ့ပြီး လေယာဉ် ယိမ်းထိုးခါယမ်းခဲ့သဖြင့် ခရီးသည် ၁၀ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။**



တရုတ်နိုင်ငံ ဟီနန်ပြည်နယ် ဟီနန်မြို့အနီး မြေအောက်မှ ဇန်နဝါရီ ၂၂ ရက်က လူခေါင်းခွံ တစ်ခုကို တူးဖော်တွေ့ရှိခဲ့ရာ ၎င်းဦးခေါင်းခွံသည် လွန်ခဲ့သည့် နှစ်ပေါင်းတစ်သိန်းခန့်က ရှေးခေတ်လူသားတစ်ဦး၏ ဦးခေါင်းခွံဖြစ်ကြောင်း သုတေသနပညာရှင်များက ခန့်မှန်းသည်။

(အင်တာနက်ဓာတ်ပုံ)

ဘဝ ဒဿန အမြင်

* ***In charity there is no excess.***
ပေးကမ်းစွန့်ကြဲမှုတွင် ပိုသည်ဟူ၍မရှိ။

ဆာဖရန်စစ်ဘေကွန်
(စာရေးဆရာ၊ အတွေးအခေါ်ပညာရှင်)

* ***Familiarity breed contempt.***
အရောဝင်က အရိုသေတန်သည်။

အီစွပ်ပုံပြင်

ဟေတီ သမ္မတနိုင်ငံ

သတင်းအက်ဆေး
တိုး-ရေးသားသည်

ဟေတီမြို့၏ မြင်ကွင်းတစ်စိတ်တစ်ဒေသ။
(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာပေါ်တွင် ပထမဆုံး လူမည်းဦးဆောင်သည့် သမ္မတနိုင်ငံ၊ ကာရစ်ဘီယံဒေသရှိ နိုင်ငံများအနက် ပထမဆုံးလွတ်လပ်ရေး ရသည့်နိုင်ငံ ယင်းနိုင်ငံသည် အခြားမဟုတ် ဟေတီနိုင်ငံပင်ဖြစ်သည်။

စတင်တွေ့ရှိ

ဟေတီကျွန်းကို ခရစ္စတိုဖာကိုလံဘတ်စ်က ၁၄၉၂ ခုနှစ်တွင် စတင်တွေ့ရှိပြီး သေးငယ်သောစပိန် သို့မဟုတ် ဟစ်စပါနီရိုလာဟု အမည်ပေးလိုက်သည်။ ၁၆၉၇ ခုနှစ်တွင် ကျွန်း၏ အနောက်ခြမ်းကို စပိန်က ပြင်သစ်သို့ ပေးအပ်လိုက်ရသည်။ သို့ဖြင့် ဟေတီအမည် တွင်လာသည်။ ၁၈၀၁ ခုနှစ်တွင် လူမည်းကျွန် တစ်ဦးဖြစ်သူ ပူဇာချားသည် ပြောက်ကျားခေါင်းဆောင်ဖြစ်လာပြီး ဟေတီကိုတိုက်ခိုက်သိမ်းယူကာ ကျွန်စနစ်ကိုပယ်ဖျက်ရုံမျှမက ဟစ်စပါနီရိုလာ တစ်ကျွန်းလုံး၏ ဘုရင်ခံချုပ်အဖြစ် ကြေညာလိုက်သည်။ ထို့နောက် ပြင်သစ်ကေရာဇ် နပိုလီယံ၏ယောက်ဖတော် ချားလ်လက်ကလာက ဟေတီကို တိုက်ခိုက်သည်။

ကျူးကျော်

၁၈၀၄ခုနှစ်တွင် ဟေတီနိုင်ငံ လွတ်လပ်ရေးရသည်။ ကျွန်ဟောင်း ဂျင်းဂျက်ဒက်ဆာလိုင်းက သူ့ကိုယ်သူ ကေရာဇ်အဖြစ်ကြေညာသည်။ နှစ်နှစ်အကြာတွင် လုပ်ကြံခံရပြီး လူမည်းအုပ်ချုပ်သည့် မြောက်ပိုင်းတွင် လူဖြူလူမည်းကပြားများအုပ်ချုပ်သည့် တောင်ပိုင်းဟူ၍ ကွဲသွားပြန်သည်။ ထိုသို့သော လူမည်းနှင့် လူဖြူလူမည်း ပဋိပက္ခများကြောင့် ၁၉၁၅ ခုနှစ်တွင် အမေရိကန်က ဟေတီကို ကျူးကျော်ဝင်ရောက်သည်။ ၁၉၃၄ ခုနှစ်တွင် အမေရိကန်တပ်များ ရုပ်သိမ်းပေးသည်။ သို့သော် ၁၉၄၇ ခုနှစ်တိုင် ဘဏ္ဍာရေးကို ချုပ်ကိုင်ထားသည်။

ဟေတီနိုင်ငံမှာ စုန်းကဝေမှော် ဆေးကုဆရာ ပါပါဒေ့နှင့် သားဖြစ်သူ ဘေဘီဒေ့ါတို့၏ ရက်စက်စွာ အုပ်ချုပ်မှုကာလအတွင်း ထောင်ပေါင်းများစွာသောပြည်သူတို့ ထွက်ပြေးကြရသည့်အတွက် နာမည်ဆိုးဖြင့် ကျော်ကြားသည်။ ထိုသားအဖနှစ်ဦးမှာ ၁၉၅၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ၂၉ နှစ်မျှ အုပ်စိုးခဲ့ပြီး ဘေဘီဒေ့ါမှာ ၁၉၈၆ခုနှစ်တွင် နိုင်ငံမှ ထွက်ပြေးသွားရသည်။

ရွေးချယ်တင်မြှောက်

၁၉၉၀ ပြည့်နှစ်တွင် ဂျင်းဘာထရန်အရစ်တိုက်အား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သောအခါ အနာဂတ်သာယာဝပြောမည်ဟု မျှော်မှန်းထားချက်မှာ အရစ်တိုက် ဖယ်ရှားခံလိုက်ရပြန်သဖြင့် ပျောက်ကွယ်သွားပြန်သည်။ ၁၉၉၄ ခုနှစ်တွင် အရစ်တိုက်ပြန်လည်အရွေးခံရသော်လည်း ရွေးကောက်ပွဲ မသမာမှုများ၊ ဥပဒေဘောင်ကျော်လွန်သတ်ဖြတ်မှု၊ ရက်စက်ညှဉ်းပန်းမှုများကြောင့် ဟေတီနိုင်ငံ၏ ကံကြမ္မာမှာ ပြန်မထောင်နိုင်။ သွေးထွက်သံယို ဆူပူမှုနှင့် အမေရိကန်၊ ပြင်သစ်တို့၏ ဖိအားပေးမှုကြောင့် မစ္စတာအရစ်တိုက် ၂၀၀၄ ခုနှစ်တွင် ဟေတီမှ ထွက်ခွာသွားရသည်။

ထိုအချိန် နောက်ပိုင်း ယာယီအစိုးရထံမှ ရွေးချယ်တင်မြှောက်ခံအစိုးရသို့ တာဝန်လွှဲပေးပြီး ကုလသမဂ္ဂတည်ငြိမ်ရေးတပ်များကို ဖြန့်ကြက်လိုက်သည်။ သို့သော် ဟေတီနိုင်ငံမှာ ပြိုင်ဘက်အုပ်စုများအကြား၊ နိုင်ငံရေးဂိုဏ်းဂဏများအကြား တင်းမာစွာ ထိပ်တိုက်ရင်ဆိုင်မှုများ ရှိနေပြန်သည်။

လူမှုပြဿနာ

ထိုအတောအတွင်း ကြီးမားသော လူမှုပြဿနာတစ်ခုရှိခဲ့သည်။ ဆင်းရဲသည့် အများစု ဥရောပ အာဖရိက ကပြားများနှင့် လူဦးရေ၏ ၁ ရာခိုင်နှုန်းရှိသော ပြင်သစ်စကားပြော လူနည်းစုတို့အကြား နေ့ဉစွာ ကြွယ်ဝမှုမှာ အကြီးအကျယ်ကွာဟမှုနှင့် ရင်ဆိုင်နေရသည်။

ယခုအခါ ဟေတီပြည်သူအများအပြားမှာ ဘဝတိုးတက်ရေးအတွက် အမေရိကန် သို့မဟုတ် အခြားသော ကာရစ်ဘီယံဒေသနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည်။ အိမ်နီးချင်း ဒိုမီနီကန် သမ္မတနိုင်ငံတွင် ဟေတီမှ လာရောက်လုပ်ကိုင်သူ ထောင်ပေါင်းများစွာ ရှိနေသည်။ ဟေတီနိုင်ငံ၏ အခြေခံအဆောက်အအုံမှာ ပျက်စီးနေသည်။ မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်း ရှင်သန်နေသဖြင့် တရားစီရင်ရေးနှင့် ရဲတပ်ဖွဲ့တို့၏ အခန်းကဏ္ဍမှာ ထိခိုက်နေသည်။ သစ်တောများ ပြုန်းတီးမှု၊ မုန်တိုင်းများတိုက်ခတ်မှုတို့ မရှုမလှခံနေရသည်။ တောင်အာဖရိကသို့ ခိုလှုံနေသည့် အာရစ်တိုက်က ဟေတီသို့ ပြန်လာမည်ဟု အခိုင်အမာပြောဆိုနေသည်။

မညီမျှမှု

ဟေတီသမ္မတ ရီနီပါဗယ်က လူမှုရေး မညီမျှမှုများကို ကိုင်တွယ်ပြီး အလုပ်အကိုင်များ ဖန်တီးပေးလိုသည်ဟု ကြေညာထားသည်။ ဝန်ကြီးချုပ် ဂျက်အက်ဒွပ်အလက်ဇီကမူဟေတီနိုင်ငံ၏ လူမှုရေး ပြဿနာများ တိုက်ဖျက်ရန် ၂၅နှစ် ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုလိုပြီဟု ရှုမြင်သည်။

ကမ္ဘာပေါ်တွင် ပထမဆုံး လူမည်းဦးဆောင်သည့် ဟေတီသမ္မတနိုင်ငံ၊ ကာရစ်ဘီယံဒေသတွင် ပထမဆုံးလွတ်လပ်ရေးရရှိသည့် ဟေတီသမ္မတနိုင်ငံ၊ ဤဂုဏ်ပုဒ်များမှာ ဆယ်စုနှစ်များစွာ ဆင်းရဲမွဲတေမှု၊ ပတ်ဝန်းကျင်မထိန်းသိမ်းနိုင်မှု၊ အကြမ်းဖက်မတည်ငြိမ်မှုတို့ကြောင့် မှေးမှိန်ရရုံမျှမက အမေရိကနိုင်ငံများတွင် အဆင်းရဲဆုံးနိုင်ငံဘဝသို့ ကျရောက်နေရှာသည်။ ။ *(ကိုးကား-အင်တာနက်)*

● **ရှေ့ဖုံးမှ**

ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီမံရေးရာကိစ္စများနှင့် မိုးနဲချောင်းဝန်းကျင်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စီမံဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ မိမိတို့အဖွဲ့သည် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဗန်းမော်ခရိုင်သည် တစ်ဖက်နိုင်ငံနှင့် နယ်မြေချင်း ထိစပ်လျက်ရှိသဖြင့် အရေးပါသည့်ခရိုင်တစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဗန်းမော်ခရိုင်၏ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်မနေရအောင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုတွင် ဗန်းမော်ဒေသကို ထည့်သွင်းသတ်မှတ်ပြီး ဒေသအတွင်း ပညာရေး၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုစီတွင် ပါဝင်သည့် တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံတစ်ရုံစီကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ယခင်က ရေကြောင်းလမ်းတစ်ခုတည်းကိုသာ အမှီပြုဆက်သွယ်သွားလာနေရာမှ ယနေ့ဆိုလျှင် မန္တလေး-တကောင်း-ဗန်းမော်ကားလမ်းနှင့် မန္တလေး-လားရှိုး-ဗန်းမော်ကားလမ်းများ ဖောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး ဧရာဝတီအနောက်ဘက်ခြမ်းမှ ရထားလမ်းဖောက်လုပ်ပြီး ကသာမှ ဗန်းမော်အထိ ရထားလမ်းကိုလည်း ဖောက်လုပ်နေပြီဖြစ်ကြောင်း၊ ထို့အပြင် ဗန်းမော်လေယာဉ်ကွင်းကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်း

ဗန်းမော်ခရိုင်အနေဖြင့် ဆန်စပါးမှအပ ကျန်သီးနှံစုံနှင့် သားငါး ပေါကြွယ်ဝသည့် ခရိုင်တစ်ခုဖြစ်ကြောင်း၊ ဒေသဝမ်းစာအတွက် ဆန်စပါးစိုက်ပျိုးရန် မြေနေရာအများအပြား ကျန်ရှိနေသေးသည့် ခရိုင်တစ်ခုဖြစ်၍ ဒေသ ဝမ်းစာဖူလုံရေးကို ဆက်လက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားလိုကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေခံကောင်းများမပျက်ယွင်းအောင် ဝိုင်းဝန်းစောင့်ရှောက်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်နှင့်ပြည်မ၊ တောင်တန်းနှင့်မြေပြန့် မခွဲခြားဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံပြီး ဖွံ့ဖြိုးတိုးတက်လာစေရအောင်၊ တိုင်းရင်းသားအားလုံး လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာစေရအောင် လိုအပ်သည့်စီမံကိန်းများကို အကွက်ချ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့ နိုင်ငံ့တာဝန်ယူစကပင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုအခြေခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့သဖြင့် နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှုများ ဖြစ်ထွန်းလာခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တည်ငြိမ်အေးချမ်းလာသည့် နယ်စပ်ဒေသများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း၊ ထို့အပြင် ဝန်ကြီးချုပ်ဦးဆောင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အသစ်တစ်ခုကိုပါ သီးခြားဖွဲ့စည်းပြီး နယ်စပ်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာစေရန် ဖိဖိစီးစီးဆောင်ရွက်ပေးခဲ့သဖြင့် ယခုဆိုလျှင် နယ်စပ်ဒေသရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးလာသကဲ့သို့ နယ်စပ်မြို့များလည်း ခေတ်မီမြို့ပြအသွင်အပြင်များဖြင့် စည်ပင်ထွန်းကားလာနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ပိုမိုခိုင်မာ

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ဖိဖိစီးစီးဆောင်ရွက်ပေးမှုကြောင့် နယ်စပ်ဒေသများ၏ ရုပ်ပိုင်းဆိုင်ရာ အသွင်သဏ္ဌာန် တိုးတက်ပြောင်းလဲမှုသာမက တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်လည်း ပိုမို ခိုင်မာဖွံ့ဖြိုးလာသည်ကို တွေ့ရှိရကြောင်း။

ထို့အပြင် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန်မှာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှုသည် အခြေခံဖြစ်သဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း၊ ယခုဆိုလျှင် ကျေးလက်ဒေသများ၏ အခြေအနေသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ယနေ့ မိမိတို့ဆောင်ရွက်လျက်ရှိသည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများသည် ကဏ္ဍတစ်ရပ် ဖွံ့ဖြိုးတိုးတက်မှုအတွက်သာ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဘက်စုံ၊ ကဏ္ဍစုံက ဟန်ချက်ညီညီတစ်ပြိုက်နက်တည်း တိုးတက်လာစေရန် ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် လုပ်ငန်းပမာဏနှင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာလည်း များစွာကြီးမားကျယ်ပြန့်ကြောင်း။

တက်ညီလက်ညီကြိုးပမ်း

ထို့ကြောင့် နိုင်ငံတော်ကြီးကို ဘက်စုံ၊ ကဏ္ဍစုံက လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူတို့ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းလိုကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ပြည်နယ်နှင့် တိုင်းရှိ ဒေသအားလုံး နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်သည်မှာလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုများ ဖြစ်ထွန်းနေမှုကြောင့်ပင်ဖြစ်၍ တိုင်းရင်းသားပြည်သူအားလုံးကလည်း တာဝန်သိသိဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအခြေခံကောင်းများ မပျက်ယွင်းစေရအောင် ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်း။

ပေးအပ်ချီးမြှင့်

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆေးဝါးနှင့် ဆေးပစ္စည်းများကို ဗန်းမော်ခရိုင်ဆေးရုံအုပ်ကြီးထံ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

လက်တွေ့အသုံးချ

တစ်ဆက်တည်းမှာပင် နိုင်ငံတော် စီးပွားရေးအခြေခံကောင်းများရရှိရေးအတွက် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားလိုပါကြောင်း၊ လူ့ဘဝ၏ အဓိကလိုအပ်ချက်မှာ စားရေး၊ ဝတ်ရေး၊ နေရေးပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင် ရာသီဥတုနှင့် သဘာဝ သယံဇာတ ဖြစ်ထွန်းတည်ရှိနေမှုတွင် အခြေခံကောင်းများဖြင့် ပြည့်စုံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၏ ရေခံ၊ မြေခံ သဘာဝ အခြေခံကောင်းများကို လက်တွေ့ကျကျအသုံးချပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ ရေရှည်အကျိုးဖြစ်ထွန်းစေရအောင် အစီအမံများ တစ်ခုပြီးတစ်ခု ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်နှင့် ပြည်သူများ၏ စီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် အဓိကထောက်ကူပေးမည့် ဆည်မြောင်း၊ တာတမံ၊ ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်း၊ လေယာဉ်ကွင်းများကိုလည်းကောင်း၊ ပညာရေးနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်ရေးအတွက် တက္ကသိုလ်ကောလိပ်၊ စာသင်ကျောင်းနှင့် ဆေးရုံ၊ ဆေးပေးခန်း စသည့် အခြေခံအဆောက်အအုံများကိုလည်းကောင်း၊ နိုင်ငံတော်၏တစ်နံတစ်လျား ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိကြောင်း။

ကြိုးပမ်းဆောင်ရွက်

တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးထားသည့် အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချပြီး မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံတစ်နိုင်ငံ ချမ်းသာကြွယ်ဝမှုအတွက် စက်မှုထွန်းကားရေးသည် အဓိကကျကြောင်း၊ စက်မှုစွမ်းအား ပြည်ထွန်းကား ဆိုသကဲ့သို့ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်မှုလုပ်ငန်းများ ခေတ်မီထွန်းကားလာစေရန် နိုင်ငံတော်အစိုးရက နည်းလမ်းမျိုးစုံဖြင့် အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၈၈ ခုနှစ်က နိုင်ငံပိုင်စက်ရုံ ၆၂၄ ရုံနှင့် ပုဂ္ဂလိကပိုင်စက်ရုံ ၃၅၀၀၀ ရှိခဲ့ရာမှ ယနေ့ဆိုလျှင် နိုင်ငံပိုင်စက်ရုံ ၇၉၁ ရုံနှင့် ပုဂ္ဂလိကစက်ရုံ တစ်သိန်းကျော်ရှိလာနေပြီဖြစ်ကြောင်း၊ ယခင်ကထက် ကုန်ထုတ်လုပ်မှု ရှစ်ဆတိုးပြီး ထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ စက်မှုကဏ္ဍတိုးတက်လာခြင်းနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းတို့နှင့်အတူ တစ်ပါတည်းလိုအပ်လာသည့် လျှပ်စစ်နှင့် စွမ်းအင် ဖူလုံပြည့်စုံရေးအတွက်ကိုလည်း နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း။

စဉ်ဆက်မပြတ်

ထို့အပြင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ မြင့်မားရေးသည်လည်း အဓိကအရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးနှင့် လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသနှင့် မြို့နေသူများအပါအဝင် ဒေသအားလုံးရှိ လူငယ်လူရွယ်များအတွက် အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သိပ္ပံနှင့် နည်းပညာရပ်များကို မိမိဒေသအတွင်း၌ပင် လွယ်လွယ်ကူကူ သင်ယူတတ်မြောက်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆရာ ဆရာမများအပိုင်းကလည်း မိမိတို့တပည့်များကို အရည်အသွေးပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ်သာမကဘဲ အကျင့်စာရိတ္တကောင်းမွန်သူများ၊ စည်းကမ်း၊ ဥပဒေလိုက်နာသူများ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်သည့် နိုင်ငံသားကောင်းများအဖြစ် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

ထို့အပြင် လူသားတိုင်း လိုချင်တောင့်တသည့် ကျန်းကျန်းမာမာဖြင့် အနာရောဂါကင်းပြီး အသက်ရှည်ရှည်နေထိုင်ရေး ဆိုသည့် မျှော်လင့်ချက်များ ပြည့်စုံရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအနှံ့အပြားတွင် ဆေးရုံဆေးခန်းများကို တိုးချဲ့တည်ဆောက်ပေးခြင်း၊ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားခြင်း၊ ဆေးဝါးစက်ရုံများ တည်ဆောက်ပေးခြင်း စသည့် ကျန်းမာရေးဆိုင်ရာ အခြေခံကောင်းများရရှိစေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဆရာဝန် ဆရာမများအပိုင်းကလည်း ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်ခြင်း၊ ကုသခြင်း လုပ်ငန်းများကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

အခြေခံလိုအပ်ချက်

နိုင်ငံတော်အစိုးရ၏ ယနေ့ဆောင်ရွက်ချက်များဖြစ်သည့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးခိုင်မာတောင့်တင်းရေး၊ ပြည်သူအများ ပညာရည်မြင့်မားရေးဆောင်ရွက်ချက်များသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည်သာမက ပြည်သူများ လိုလားတောင့်တသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက် အခြေခံလိုအပ်ချက်များလည်း ဖြစ်ကြောင်း။

ယနေ့အခါတွင် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ညင်သာချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ်အနက် အရေးကြီးဆုံးနှင့် အဓိကအကျဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးကို အခက်အခဲ၊ အနှောင့်အယှက်အမျိုးမျိုးကြားက ပြီးမြောက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ခုမှ တိုင်းရင်းသားကိုယ်စားလှယ် ၁၀၀၀ ကျော်တို့က စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံမူများကို ချမှတ်နိုင်ခဲ့ကြောင်း၊ ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်အနက် တတိယအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်

ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ညင်သာချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံသည် ပြည်နယ်နှင့် တိုင်းများဖြင့် ဖွဲ့စည်းထားပြီး တိုင်းရင်းသားမျိုးနွယ်ပေါင်း ၁၀၀ ကျော်တို့ ရှေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးစွာ အတူတကွ စုပေါင်းနေထိုင်လာသည့် ပြည်ထောင်စုနိုင်ငံကြီးဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရေးနှင့် ထာဝရငြိမ်းချမ်းသာယာရေးအတွက် တိုင်းရင်းသားအားလုံးအနေဖြင့် မိမိတို့ မည်သည့်နေရာဒေသတွင် နေထိုင်ကြသည်ဖြစ်စေ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ အတူတကွ လက်တွဲနေထိုင်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဗန်းမော်၊ မိုးမောက်၊ ရွှေကူနှင့် မံစီမြို့နယ်များအတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးစီကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများသို့လည်းကောင်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် အသင်းဝတ်စုံများကို အတွင်းရေးမှူးသို့လည်းကောင်း၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ခရိုင်ပညာရေးမှူးသို့လည်းကောင်း၊ ဆေးဝါးနှင့်ဆေးပစ္စည်းများကို ခရိုင် ဆေးရုံအုပ်ကြီးသို့လည်းကောင်း၊ အားကစားဆိုင်ရာပစ္စည်းများကို ခရိုင် အားကစားမှူးသို့လည်းကောင်း ပေးအပ်ချီးမြှင့်ကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

Business Plan 2008

ဟောပြောပွဲတက်ရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကြီးမှူးကျင်းပမည့် Business Plan 2008 ဟောပြောပွဲကို ဇန်နဝါရီ ၂၆ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် မြန်မာအင်ဖိုတက်အခန်း ၂၀၅ ၌ ကျင်းပမည်ဖြစ်ရာ ဆရာခင်မောင်ညို(ဘောဂဗေဒ)က ဆွေးနွေးဟောပြောမည်ဖြစ်သည်။ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း မြန်မာအင်ဖိုတက် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း-၆၅၂၂၃၈ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗန်းမော်တက္ကသိုလ်တွင် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

*** ကျောဖုံးမှ**

ဗန်းမော်လေဆိပ် လေယာဉ်ပြေးလမ်းမှာ ယခင်က အလျားပေ ၅၅၀၀ နှင့် အကျယ်ပေ ၁၀၀ရှိရာ အလျားပေ၇၅၀၀နှင့် အနံ ပေ၁၀၀သို့ တိုးချဲ့တည်ဆောက်ပြီး ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်)သို့ ရောက်ရှိကြရာ ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာနန်းစောကလျာက ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်)၏ သင်ကြားစီမံကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က ဆရာနှင့်ကျောင်းသားအင်အား အချိုးအစား၊ တက္ကသိုလ်မှဘွဲ့ရရှိမှုနှင့်လုပ်ငန်းခွင်ဝင်ရောက်မှု အခြေအနေအများကို မေးမြန်းသည်။

လေ့ကျင့်သင်ကြား

ထို့နောက် ဝန်ကြီးချုပ်က ဒေသအလိုက်ပေါ်ထွန်းလာသည့် အခြေခံကောင်းများကို လူငယ်လူရွယ်များနှင့် မိဘများက ရယူအသုံးချရေးအတွက် စည်းရုံးဆောင်ရွက်ကြရေး၊ လုပ်ငန်းခွင်၌ အံဝင်ခွင်ကျဖြစ်အောင် စာတွေ့လက်တွေ့ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားပေးရေး၊ ဆရာ ဆရာမများအပိုင်းကလည်း ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာပြီး မိမိတို့၏အရည်အသွေးကို တိုးတက်အောင် ကြိုးပမ်းကြရေး၊ ကျောင်းသားကျောင်းသူများအား အတတ်ပညာပိုင်းသာမက ကိုယ်ကျင့်တရားကောင်းမွန်သူများ၊ စည်းကမ်းဥပဒေ လေးစားလိုက်နာ စောင့်ထိန်းသည့် တပည့်ကောင်း၊ နိုင်ငံ့သားကောင်းများအဖြစ် လေ့ကျင့်ပေးရေးတို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်က ဆရာဆရာမများအား အဝတ်အထည်များကို လက်ဆောင်ပေးအပ်သည်။

စံချိန်စံညွှန်း

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်)သုံးထပ်ပင်မအဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ Asia Metal Construction Co., Ltd. မှ ဒါရိုက်တာဦးထိန်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးစံသာတို့က စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ကွန်ပျူတာတက္ကသိုလ် သုံးထပ်ပင်မအဆောက်အအုံကို ကျောင်းသား ၃၀၀ ဆံ့ အလျား ၅၁၃ ပေ၊ အနံ ၃၅၈ ပေနှင့် အမြင့် ၆၆ ပေရှိ သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ် (ဗန်းမော်)သို့ ရောက်ရှိကြရာ စုဝေးခန်းမ၌ ခေတ္တကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်ဥမ္မာဝင်းက ကျောင်း၏ သင်ကြားစီမံကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆရာ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးချုပ်က နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် အရည်အသွေးပြည့်ဝသည့် အတတ်ပညာရှင်များဖြစ်အောင် လေ့ကျင့်သင်ကြားပေးရေး၊ ကျောင်းသားဘဝကပင် ကျောင်းစည်းကမ်း၊ အရပ်ဘက်စည်းကမ်းများကို လေးစားလိုက်နာသည့် အလေ့အကျင့်ကောင်းများမှတစ်ဆင့် နိုင်ငံတော်၏ စည်းကမ်းဥပဒေကို လိုက်နာစောင့်ထိန်းသည့် နိုင်ငံ့သားကောင်းများ ဖြစ်အောင် လေ့ကျင့်သင်ကြားပေးရေး တို့ကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဗန်းမော်မြို့၏ ဖွံ့ဖြိုးစည်ပင်တိုးတက်သာယာမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်တက္ကသိုလ်သို့ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ်ဒေါက်တာသာထွန်းအောင်က သင်ကြားစီမံကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

စဉ်ဆက်မပြတ်

ယင်းနောက် ဝန်ကြီးချုပ်က နိုင်ငံတော်က ငွေကြေးအမြောက်အမြားသုံးစွဲပြီး တက္ကသိုလ်ကြီးများကို တည်ထောင်ဖွင့်လှစ်ပေးနေခြင်းသည် ဒေသတွင်း ဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရည်အသွေးပြည့်ဝသည့် ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးရန်ဖြစ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်ကျောင်းသား ကျောင်းသူများအား ပညာတတ်ရုံတစ်ခုတည်းသာမကဘဲ စာရိတ္တကောင်းမွန်သည့် လူငယ်များ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကောင်းများ ရှင်သန်ဖွံ့ဖြိုးသည့် လူငယ်များဖြစ်လာစေရန် အလေးထားသွန်သင်ပြသရေး မှာကြားသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ဆရာဆရာမများအား အဝတ်အထည်နှင့် ထောက်ပံ့ငွေ ကျပ် ၁၁ သိန်းကိုပေးအပ်သည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ပြသထားသော ဗန်းမော်တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ ပါရဂူဘွဲ့အတွက် တင်သွင်းသည့်ကျမ်းများ၊ သုတေသနပရောဂျက်များ၊ မှတ်တမ်းဓာတ်ပုံများနှင့် ဘာသာရပ်ဆိုင်ရာ စာအုပ်များကို လှည့်လည်ကြည့်ရှုပြီး ဆရာ ဆရာမများအား လိုအပ်သည်များကို မှာကြားကာ ကျောင်းဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဝန်ကြီးချုပ်သည် ဗန်းမော်တက္ကသိုလ် ပင်မဆောင် ဝဲနှင့်ယာ အဆောက်အအုံ တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဆောက်အအုံ ဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၆) အင်ဂျင်နီယာမှူး ဦးခင်မောင်ဆွေက ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက် မှာကြားသည်။

လေ့လာဆည်းပူး

ယင်းနောက် ဝန်ကြီးချုပ်သည် ဗန်းမော်မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲ အပြီးတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်းမော် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီးဝန်ကြီးချုပ်က နိုင်ငံတော်မှ ပြည်သူများ၏ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဆေးရုံကြီးများကို တည်ထောင်ဖွင့်လှစ်ပေးထားခြင်းဖြစ်၍ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို စေတနာအပြည့်အဝဖြင့် နွေးထွေးပျူငှာစွာ လက်ကမ်းကြိုဆို ပြုစုကုသပေးရေး၊ ကျန်းမာရေး ပညာပေးလုပ်ငန်းများကို အောက်ခြေအထိ အခါမလပ် ကွင်းဆင်းပြီး ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်ရေး၊ ဆေးကုသမှု အရည်အသွေးများ စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်က ဆေးပဒေသာပင်အလှူငွေကျပ် သိန်း ၅၀ ကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်ညိုသို့လည်းကောင်း၊ အဝတ်အထည်များကို သူနာပြုအုပ် ဒေါ်ဆွေဆွေအုန်းသို့ လည်းကောင်း ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည်နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗန်းမော်အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး ဝန်ကြီးချုပ်က ကျောင်း၏ သင်ကြားမှုအခြေအနေများကိုမေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်က ကျောင်းသူများအတွက် အဝတ်အထည်နှင့် ပံ့ပိုးငွေများကို ခေတ္တကျောင်းအုပ်ကြီးသို့ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးချုပ်သည် သင်တန်းသူများ၏ စက်ချုပ်သင်တန်း၊ ကြိမ်ထည်လုပ်ငန်း၊ ဦးထုပ်နှင့် အဝတ်အထည်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗန်းမော်လေဆိပ်သို့ ရောက်ရှိကြပြီး ဗန်းမော်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သံလွင်တံတား(တာဆန်း) ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သံလွင်တံတား(တာဆန်း)ကြံ့ခိုင်မှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ၂၀ရက် နံနက်ပိုင်းတွင် မိုင်းပန်မြို့မှ မော်တော်ယာဉ်များဖြင့် မိုင်းပန်-တာဆန်းလမ်းအပိုင်းများကို ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်နိမိတ် တာဆန်းကျေးရွာသို့ရောက်ရှိရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အရှေ့ပိုင်းဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် သံလွင်တံတား(တာဆန်း)သို့ ရောက်ရှိကြပြီး တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် (တာဆန်း) ရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တာဆန်း ရေအားလျှပ်စစ် စီမံကိန်းပုံစံငယ်ကို လည်းကောင်း၊ မြေနေရာလျာထားမှု အခြေအနေများကို ရှုရပ်မှလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်နိုင်

အဆိုပါတာဆန်းရေအားလျှပ်စစ် စီမံကိန်းသည် သံလွင်မြစ်ပေါ်၌ တည်ဆောက်မည့် RCC Dam ရေထိန်းတမံအမျိုးအစား အကြီးစား ရေအားလျှပ်စစ်စီမံကိန်းဖြစ်ပြီး တည်ဆောက်ပြီးစီးပါက တစ်နှစ်လျှင် ပျမ်းမျှကီလိုဝပ်နာရီ ၃၅၄၄၆ သန်းခန့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တာဆန်း-မိုင်းပန်လမ်းအတိုင်း ထွက်ခွာခဲ့ကြပြီး မိုင်တိုင်(၁၁၂/၂)ရှိ လမ်းအူကြောင်း ချဲ့ထွင်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးမှာကြားသည်။

တိုးချဲ့ဆောင်ရွက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဝမ်ထန်ကျေးရွာရှိ နယ်မြေခံတပ်နယ် အောင်ဇေယျခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရေး၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးတို့ကို မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် အိမ်သုံးပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တာဆန်း-မိုင်းပန်လမ်းအတိုင်း ပြန်လည်ထွက်ခွာလာကြရာ မိုင်းပန်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကျေးရွာစာကြည့်တိုက်မှူး၏တာဝန်

(၁) စုဆောင်းရရှိသော စာအုပ်များကို မှတ်ပုံတင်စာရင်း ထည့်သွင်းထိန်းသိမ်းရန်။

(၂) စာဖတ်သူ၊ စာငှားသူများ ဖတ်ရှုလိုသည့် စာအုပ်စာပေများကို စနစ်တကျ စာရင်းရေးမှတ်ပြီး ငှားရမ်းပေးရန်။

(၃) စာအုပ်များ ရေရှည်အသုံးပြုရအောင် တတ်နိုင်သမျှ ပြုပြင်/ချုပ်လုပ် ထိန်းသိမ်းရန်။

(၄) စာကြည့်တိုက်အတွက် စေတနာရှင်၊ အလှူရှင်များ ပေါ်ပေါက်လာအောင် စည်းရုံးရန်။

(၅) စာကြည့်တိုက်ကို စာရင်းဇယားဖြင့် စနစ်ကျအောင် ဆောင်ရွက်ရန်။

(၆) စာကြည့်တိုက်လုပ်ငန်းပညာကို လေ့လာသင်ယူရန်။

(၇) မှတ်ပုံတင်စာကြည့်တိုက်တစ်ခု ဖြစ်မြောက်လာအောင် ဆောင်ရွက်ရန်။

(၈) စာအုပ်/ပရိဘောဂနှင့် အဆောက်အအုံတို့ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရန်။

အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁) ဒဂုံ (ယခင်မက်သဒစ် အင်္ဂလိပ်ဟိုက်စကူး MEHS ကျောင်း)တွင် ၁၉၅၄ မှ ၁၉၇၈ ခုနှစ်အတွင်း ပညာသင်ခဲ့ကြသော ကျောင်းသူ ကျောင်းသားဟောင်းများက ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂ ရက်(စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်နီးရပ်ဝေးမှ ကျောင်းသူ ကျောင်းသားဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ဦးကျော်မောင် ဖုန်း-၂၂၄၄၉၀၊ ဦးရဲမြင့် ဖုန်း-၀၉-၅၀၀၈၇၅၀၊ ဦးစိုးညီညီ ဖုန်း-၀၉-၅၀-၁၉၆၄၃၊ ဦးထူးအောင်ကြီး ဖုန်း-၀၉-၅၁-၂၁၈၂၈၊ ဒေါ်ခင်သန်းမူ ဖုန်း-၅၄၁၈၅၄၊ ဒေါ်ခင်မြင့်ခိုင်ဖုန်း-၀၉-၉၉-၂၄၅၇၄၊ ဒေါ်တင်မေလွင်ဖုန်း-၅၅၄၀၃၉၊ ဒေါ်တင်လှမြင့် (အထက-၁၊ ဒဂုံ)၊ ဒေါ်ရီးစလင်းလှ ဖုန်း-၅၆၆၆၅၂၊ ဒေါ်ဝေမာဝင်း ဖုန်း-၀၉-၈၀-၃၂၂၂၁၊ ဒေါ်စန်းစန်း ဖုန်း- ၀၉-၅၀-၁၇၁၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အင်အားပြင်းမြေငလျင်လှုပ်

နေပြည်တော် ဇန်နဝါရီ ၂၃

ဇန်နဝါရီ ၂၂ရက် မြန်မာစံတော်ချိန် နံနက်၁၁နာရီ၄၇မိနစ် ၅၂စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ တောင်ဘက်မိုင် ၁၇၅၀ ခန့်အကွာ ပြည်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နံနက် ၆ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်ရှိ နဝဒေး ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိပြီး ဈေးအတွင်း ရောင်းဝယ်ဖောက်ကားနေမှု တို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကင်းမြို့နယ်ရှိ ရန်ကင်းကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ်ရှိ တာမွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ဒဂုံမြို့နယ်ရှိ ပန်တျာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ စမ်းချောင်းမြို့နယ်ရှိ ဟံသာဝတီကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ မရမ်းကုန်းမြို့နယ်ရှိ ကုန်းမြင့်သာယာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်းရောက်ရှိပြီး အခွန်လွတ်ဈေးများ အတွင်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန် အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်နှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥ၊ ငါးနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း ကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး၊ ဘုရင့်နောင်ပွဲရုံနယ်မြေမှ ကုန်ခြောက်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ စားအုန်းဆီအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စားဖိုဆောင် သီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ အရောင်းဆိုင်များ၊ ပုဂ္ဂလိကများ၏ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချိုရေငန်ငါးမျိုးစုံ၊ နို့ထွက်ပစ္စည်း အရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လွယ်လင့်တကူ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက စားသုံးသူပြည်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရေးအတွက် ပစ္စည်းစုံစုံလင်လင် တိုးတက်ရောင်းချရေး၊ စားသုံးသူများ၏ လက်ဝယ်သို့ ဈေးနှုန်း သက်သာစွာဖြင့် မြန်မြန်ဆန်ဆန် ရောင်းချပေးရေး၊ သန့်ရှင်းလတ်ဆတ်သောဟင်းသီးဟင်းရွက်နှင့် သားငါးများကို လွယ်လင့်တကူ တိုက်ရိုက် ဝယ်ယူနိုင်ရေးနှင့် အခွန်လွတ်ဈေးများအတွင်း သန့်ရှင်းသပ်ရပ်စေရေး တို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားပြီးလိုအပ်သည်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်က ကြီးမှူး၍ ကယ်လ်ဆမ်ကွေကာ MDG Co., Ltd. ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ၂၀၀၈ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာ ပြိုင်ပွဲကို ***ဇန်နဝါရီ ၂၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီ*** *တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည်ဖြစ်သည်။*

အဆိုပါပြိုင်ပွဲတွင် မောင်မြန်မာ (အကြီးတန်း)၊ မောင်မြန်မာ (အငယ်တန်း)နှင့် မယ်မြန်မာ(အလွတ်တန်း) ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး မောင်မြန်မာ (အကြီးတန်း)

ကာယအလှမယ်ပြိုင်ပွဲတစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော ကာယအလှမယ်တစ်ဦး၏ ကိုယ်နေဟန်ထား ပြသယှဉ်ပြိုင်မှု။

ပြိုင်ပွဲအတွက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ယှဉ်ပြိုင်ခွင့်မရှိ

မောင်မြန်မာ(အငယ်တန်း) ပြိုင်ပွဲအတွက် အဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သော မောင်မြန်မာ(အကြီးတန်း) ပြိုင်ပွဲများ၊ အိုလံပစ်နေ့ အထိမ်းအမှတ် အကြီးတန်းမောင်ပြိုင်ပွဲများ၊ (ကြည်း၊ ရေ၊ လေ)မောင်အကြီးတန်း တံခွန်စိုက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိပြီးသူများ၊ မောင်မြန်မာ (အငယ်တန်း) ပြိုင်ပွဲတွင် ပထမရရှိဖူးသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိချေ။

သတင်းဆောင်းပါး – ကိုထွေး

မယ်မြန်မာ(အလွတ်တန်း) ပြိုင်ပွဲအတွက် ဝတ်စုံနှစ်မျိုးဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အရပ် ၅ပေ ၃လက်မနှင့် အထက်၊ အသက် ၁၆နှစ်မှ ၃၀ အတွင်း အိမ်ထောင်မရှိသူ (အပျို) မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ဝတ်စားဆင်ယင်မှု အနေဖြင့် မြန်မာ့ရိုးရာဝတ်စုံနှင့် မယ်ဝတ်စုံတို့ဖြင့် ဝတ်ဆင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဉာဏ်စမ်းမေးခွန်းများလည်းဖြေဆိုရမည်ဖြစ်သည်။

မောင်မြန်မာ၊ မယ်မြန်မာ ပြိုင်ပွဲမစတင်မီ နံနက် ၁၁နာရီမှ စတင်၍ စန္ဒရားသိန်းမြင့်သန်းတေးဂီတအဖွဲ့ဖြင့် တေးသံရှင်များက သီဆိုဖျော်ဖြေကြမည် ဖြစ်သကဲ့သို့ အမှတ်ရေတွက်စဉ် အားလပ်ချိန်များ၌လည်း သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

တွေ့ဆုံမေးမြန်း

၂၀၀၈ခုနှစ်မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယအလှအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနဌာနမှူး ဦးလှမြင့်ဆွေနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်ဆွေ (ဌာနမှူး)က "မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ် အနေဖြင့် နှစ်စဉ်ပြိုင်ပွဲသုံးမျိုး ကျင်းပလေ့ရှိကြောင်း၊ အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို နှစ်စဉ် ဇွန်လ၌လည်းကောင်း၊ ပြည်နယ်နှင့် တိုင်း ကာယဗလနှင့် ကာယအလှမယ်ပြိုင်ပွဲကို နှစ်စဉ် နိုဝင်ဘာလ၌လည်းကောင်း၊ မောင်မြန်မာ၊ မယ်မြန်မာ ပြိုင်ပွဲကို နှစ်စဉ် ဇန်နဝါရီလ၌လည်းကောင်း ပုံမှန်ကျင်းပလေ့ရှိကြောင်း၊ အဆိုပါပြိုင်ပွဲသုံးမျိုး၌မောင်မြန်မာ၊ မယ်မြန်မာ ပြိုင်ပွဲသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပသည့် အဆင့်အမြင့်ဆုံး ပြိုင်ပွဲကြီးဖြစ်ကြောင်း၊ မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကို စစ်ကြိုခေတ်ကတည်းက ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း"ပြောကြားသည်။

ဝတ်စားဆင်ယင်မှု

မောင်မြန်မာ၊ ကာယအလှမယ်ပြိုင်ပွဲနှင့် စပ်လျဉ်း၍လည်း "စစ်ကြိုခေတ်က မြန်မာ့ကာယဗလမောင်နှင့် မြန်မာ့ကာယအလှမယ်တို့သည် နိုင်ငံတကာ ပြိုင်ပွဲများအထိ ထိုးဖောက်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ယခုအခါ၌ မြန်မာ့ကာယဗလမောင်များက ကမ္ဘာ့ပြိုင်ပွဲ၊ အာရှပြိုင်ပွဲနှင့် အရှေ့တောင်အာရှပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြသော်လည်း မြန်မာ့ကာယအလှမယ်များအနေဖြင့် နိုင်ငံတကာ ပြိုင်ပွဲများနှင့် အဆက်ပြတ်နေကြောင်း၊ အဓိကအချက်မှာ ပြိုင်ပွဲယှဉ်ပြိုင်ရသည့် ဝတ်စားဆင်ယင်မှုအပိုင်း၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် မကိုက်ညီမသင့်လျော်၍ဖြစ်ကြောင်း၊ သို့သော်

၂၀၀၈ခုနှစ် မောင်မြန်မာ(အကြီးတန်း) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သော ကာယဗလမောင် အောင်နိုင်ဝင်း။

လည်း ယခုအခါ ယဉ်ကျေးမှုနှင့်ဆက်စပ်သော ကာယအလှမယ်ပြိုင်ပွဲများ ရှိလာပြီဖြစ်၍ မြန်မာ့ကာယအလှမယ်များနှင့် ပတ်သက်၍ နိုင်ငံတကာသို့ ထိုးဖောက်ရန် စီစဉ်လျက်ရှိကြောင်း၊ ယခုကျင်းပသည့် မယ်မြန်မာပြိုင်ပွဲ၌ ကာယအလှမယ်များ ပေါ်ထွက်လာရေးအတွက် Promotion လုပ်ရန် ရည်ရွယ်ကြောင်း၊ ကယ်လ်ဆမ်ကွေကာ MDG Co., Ltd.၏ပံ့ပိုးမှုဖြင့် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကို နှစ်စဉ် ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ရွှေတံဆိပ်ဆွတ်ခူး

မြန်မာ့ကာယဗလမောင်ပြိုင်ပွဲနှင့် စပ်လျဉ်း၍လည်း "၂၀၀၁ခုနှစ်က မောင်စကြဝဠာပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ နိုင်ငံပေါင်း ၅၅နိုင်ငံမှ ကာယဗလမောင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တွင် မြန်မာ့ကာယဗလမောင်လေးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကီလို ၇၀တန်း၌ အောင်နိုင်ဝင်းက ရွှေတံဆိပ်ဆု ဆွတ်ခူး ရရှိပြီး ကီလို ၈၀ တန်း၌ အောင်ဆွေနိုင်က ကြေးတံဆိပ်ရရှိခဲ့ကြောင်း၊ အဆိုပါပြိုင်ပွဲတွင် အာဆီယံနိုင်ငံများမှ ကာယဗလမောင် ၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ယခုကျင်းပမည့် မောင်မြန်မာပြိုင်ပွဲမှ ဆုရရှိသူများကို ၂၀၀၉ခုနှစ်(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲအတွက် ရွေးချယ်လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ် အနေဖြင့် ကာယကြံ့ခိုင်ပြည့်မဏ္ဍိုင် (Body Building is Nation Building) ဟူသော ဆောင်ပုဒ်ဖြင့် မြန်မာ့ကာယဗလ အားကစား မြင့်မားတိုးတက်ရေးအတွက် ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် မိမိကိုယ်ကို ကာယဗလ တောင့်တင်းအောင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို တည်ဆောက်ခြင်းပင်ဖြစ်သည်ဟုခံယူကာ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ထိုက်ထိုက်တန်တန်

၂၀၀၈ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲတွင် ဆုရရှိသူများကို ငွေသားဆုများ ထိုက်ထိုက်တန်တန် ပေးအပ် ချီးမြှင့်သွားမည်ဖြစ်ရာ မောင်မြန်မာ(အကြီးတန်း) ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆုငွေကျပ် နှစ်သိန်း၊ တတိယဆုငွေကျပ် တစ်သိန်းငါးသောင်း၊ စတုတ္ထဆုငွေကျပ်တစ်သိန်း၊ ပဉ္စမဆုငွေကျပ် ရှစ်သောင်း၊ ဆဋ္ဌမဆုငွေကျပ် ခုနစ်သောင်း၊ မောင်မြန်မာ(အငယ်တန်း)ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်နှစ်သိန်းငါးသောင်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်းငါးသောင်း၊ တတိယဆုငွေကျပ် တစ်သိန်း၊ စတုတ္ထဆု ငွေကျပ်ခုနစ်သောင်း၊ ပဉ္စမဆုငွေကျပ် ခြောက်သောင်း၊ ဆဋ္ဌမဆုငွေကျပ်ငါးသောင်း၊ မယ်မြန်မာ (အလွတ်တန်း) ပြိုင်ပွဲတွင် ပထမဆုငွေ ကျပ်သုံးသိန်း၊ ဒုတိယဆုငွေ ကျပ်နှစ်သိန်း၊ တတိယဆုငွေကျပ် တစ်သိန်းငါးသောင်း၊ စတုတ္ထဆု ငွေကျပ်တစ်သိန်း၊ ပဉ္စမဆု ငွေကျပ်ရှစ်သောင်း၊ ဆဋ္ဌမဆု ငွေကျပ်ခုနစ်သောင်း၊ သတ္တမဆုမှ ဒသမဆုအထိ ငွေကျပ်လေးသောင်းစီ ပေးအပ် ချီးမြှင့်မည်ဖြစ်သည်။

မယ်မြန်မာပြိုင်ပွဲတစ်ခုတွင် ကာယအလှမယ်တစ်ဦး၏ ကိုယ်နေဟန်ထားပြသယှဉ်ပြိုင်မှုကို ဤသို့တွေ့ရသည်။

ခမ်းခမ်းနားနား

ပြိုင်ပွဲတစ်ရပ်လုံးအတွက် စုစုပေါင်း ငွေကျပ် နှစ်ဆယ့်ခြောက်သိန်းလေးသောင်းချီးမြှင့်မည့် ၂၀၀၈ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကြီးကို ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်ရာ ပရိသတ်တို့ ရင်ခုန်စွာစောင့်စား ကြည့်ရှုကြရမည်ဖြစ်ကြောင်း ကြိုတင်သတင်းစကားပါး လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

နိုင်ငံတကာပန်းချီဆရာများ၏လက်ရာများ ခင်းကျင်းပြသထားသည့် Art Lover နိုင်ငံတကာ ပန်းချီအနုပညာပြခန်း

အနုပညာသတင်း- မိုးမြင့်လင်းလက် ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း) စာမျက်နှာပွဲစည်းမှု- ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၂၃

ခံစားမှုရသမြောက်တဲ့ ပန်းချီကားတစ်ချပ်ရှိမှသာ နေအိမ်ဧည့်ခန်းရဲ့ အလှအပဟာ ပြည့်စုံမှာ ဖြစ်တယ်ဆိုတဲ့ ပန်းချီအနုပညာနဲ့ ဆက်စပ်တဲ့ အတွေးအခေါ်တွေ တိုးပွားလာတာမို့ မြန်မာနိုင်ငံမှာလည်း ပန်းချီကားတွေကို အမြတ်တနိုး ချိတ်ဆွဲလာတဲ့ အလေ့အထ လူးလွန့်လာပြီ ဖြစ်ပါတယ်။

မြန်မာ့ရိုးရာပန်းချီ အနုပညာဟာ ကမ္ဘာအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက်နေပြီ ဖြစ်သလို နိုင်ငံတကာမှ ပန်းချီအနုပညာ လက်ရာတွေလည်း မြန်မာနိုင်ငံကို ရောက်ရှိလာတာ တွေ့ရပါတယ်။ ဒီလို နိုင်ငံတကာ ပန်းချီအနုပညာရှင်တွေရဲ့ စိတ်ဝင်စားဖွယ်လက်ရာ ပန်းချီကားတွေကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနဲ့ ဆရာစံလမ်းထောင့်မှာရှိတဲ့ ပုလဲကွန်ဒိုမီနီယံရဲ့ ပထမထပ်မှ Art Lover နိုင်ငံတကာ ပန်းချီအနုပညာပြခန်းနဲ့ အရောင်းဌာနတစ်ခုကို ဇန်နဝါရီ ၄ရက်ကစပြီး သီတင်းအပတ်စဉ် တနင်္လာနေ့ကလွဲပြီး နေ့စဉ်ဖွင့်လှစ် ပြသနေပြီ ဖြစ်ပါတယ်။

ဒီပန်းချီပြခန်းမှာ ဥရောပနဲ့ အာရှနိုင်ငံတွေရဲ့ သဘာဝရှုခင်းတွေ၊ မြို့ပြ အဆောက်အအုံတွေရဲ့ လှပတဲ့ ပန်းချီကားတွေကို စုံစုံလင်လင် မြင်တွေ့ရပါတယ်။ ဒီပန်းချီကားတွေထဲမှာမှ **"ပါရီမြို့အလှ"**လို့ အမည်ပေးထားတဲ့ ဆီဆေးပန်းချီကားဟာ ပြင်သစ်နိုင်ငံ ပါရီမြို့ရဲ့ မှောင်ရိပ်သန်းစ မြင်ကွင်းကို ဆီဆေးထူထူသုံးပြီး ရေးဆွဲထားတဲ့ ပန်းချီကားဖြစ်ပါတယ်။ ပါရီမြို့ကြီးရဲ့ မှောင်ရိပ်သန်းစ အချိန်မှာ အဆောက်အအုံတွေ မီးထွန်းထားပုံ၊ လူတွေ လှုပ်ရှားသွားလာနေကြပုံနဲ့ နာမည်ကျော် အီဖယ် မျှော်စင်ကြီးရဲ့ အလှကိုပါ ထည့်သွင်းရေးဆွဲထားတာဟာ တကယ့် ပါရီမြို့ကို ရောက်ရှိနေသလို မြင်တွေ့ခံစားရပါတယ်။

ဗင်းနစ်မြို့ အလှပန်းချီကလည်း ဤသို့ စိတ်ဝင်စားစရာ။

ပြခန်းအတွင်းမှာ နောက်ထပ် စိတ်ဝင်စားစရာကောင်းတဲ့ ပန်းချီကားကတော့ **"ဥယျာဉ်အလှ"**လို့ အမည်ပေးထားတဲ့ ဆီဆေးပန်းချီကားပါပဲ။ ဥရောပနိုင်ငံ တစ်နိုင်ငံရဲ့ လှပတဲ့ ဥယျာဉ်တစ်ခုကို အနုစိတ် ခြယ်မှုန်းထားတဲ့ပုံပါ။ သစ်ပင်၊ မြက်ခင်း၊ တောင်တန်းနဲ့ ကောင်းကင်တွေကို အစိမ်း၊ အဝါ၊ အဖြူအရောင်တွေ အားကောင်းကောင်းနဲ့ သုံးထားတာမို့ ဥယျာဉ်အလှဟာ လွမ်းမောစရာကောင်းအောင် လက်ရာမြောက်လှပါတယ်။

ဥယျာဉ်အလှ ပန်းချီကားကလည်း အနုစိတ်ခြယ်မှုန်းထားသည်။

ပါရီမြို့အလှလို့ အမည်ပေးထားတဲ့ ဆီဆေးပန်းချီကားကလည်း လက်ရာမြောက်လှသည်။

"ဗင်းနစ်မြို့အလှ"လို့ အမည်ပေးထားတဲ့ ဆီဆေးပန်းချီကားကတော့ အီတလီနိုင်ငံ ဗင်းနစ်မြို့ရဲ့ အလှကို အရောင်တွေအားကိုးနဲ့ တင်ပြထားတဲ့ ပုံဖြစ်ပါတယ်။ ရေထဲမှာ တည်ဆောက်ထားတဲ့ ဗင်းနစ်မြို့အလှကို နီညိုရောင်ဖျော့ဖျော့ အဆောက်အအုံနဲ့ လှေတွေကို အနက်နဲ့နီညို ရောင်၊ ရေပြင်ကို အဖြူရောင်နဲ့ ရောင်ပြန်အောင် ခြယ်မှုန်းထားတာဟာ ဗင်းနစ်မြို့ကြီးရဲ့ အလှကို ထင်ထင်ရှားရှား တွေ့မြင်ရပါတယ်။

ဒီပန်းချီပြခန်းမှာ ခင်းကျင်းပြသထားတဲ့ နိုင်ငံတကာ ပန်းချီကားတွေဟာ အမြင်ဆန်းသလို လက်ရာလည်း ဆန်းသစ်တာမို့ ဧည့်ခန်းအလှအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့အတွက် စိတ်ဝင်စားစရာကောင်းတဲ့ ပန်းချီကားတွေ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

နိုင်ငံတကာမှ ပန်းချီ အနုပညာ လက်ရာတွေလည်း မြန်မာနိုင်ငံကို ရောက်ရှိလာတာ တွေ့ရပါတယ်။

ကိုယ့်အားကိုယ်ကိုးထရန်စဖော်မာနှင့် ဓာတ်အားခွဲရုံ ဖွင့်ပွဲများ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၂၃

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇန်နဝါရီ ၂၀ရက် နံနက်ပိုင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပဲခူးတိုင်း(အနောက်ပိုင်း) တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် အတူ အိုးသည်ကုန်းမြို့နယ် ဂုန်ညင်းတန်းကျေးရွာအုပ်စု၌ 33/11 KV(1250)KVA ဓာတ်အားခွဲရုံ တည်ဆောက်မည့် မြေနေရာ ရွေးချယ်ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အုတ်ဖိုမြို့နယ် သရက်ပင်ဆိပ်ကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လုပ်ငန်းရှင် ရပ်မိရပ်ဖ ပြည်သူများ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး (11/0.4 KV)(100)KVA ထရန်စဖော်မာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်သိန်းတို့က ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ကျေးရွာမီးပေးရေး မီးခလုတ်ခုံရှိ Main Switch ကိုတင်၍ ဓာတ်အားပို့လွှတ်ပေးသည်။ သရက်ပင်ဆိပ်ကျေးရွာနှင့် ကျက်ဆူတောကျေးရွာ ရပ်မိရပ်ဖများ၏ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၂၅၀စီနှင့် မြို့နယ်အလှူရှင်များ၏ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း၂၀၀၊ ရန်ကုန်ထရန်စဖော်မာနှင့် အီလက်ထရွန်နစ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမောင်သောင်းက ထည့်ဝင်ငွေကျပ်သိန်း ၁၀၀၀ စုစုပေါင်းငွေကျပ်သိန်း ၁၇၀၀ ဖြင့် သရက်ပင်ဆိပ်ကျေးရွာ၌ (100 KVA) ထရန်စဖော်မာတစ်လုံး၊ ကျက်ဆူတောကျေးရွာ၌ (100 KVA) ထရန်စဖော်မာတစ်လုံး၊ မြို့မ(၂)လမ်း၌ (200KVA) ထရန်စဖော်မာတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ အုတ်ဖိုမြို့အဝင်လမ်းတစ်လျှောက်၌ ကွန်ကရစ်ဓာတ်မီးတိုင် ၁၄၀တို့ကို စိုက်ထူတည်ဆောက်ပြီး ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့သည် အုတ်ဖိုမြို့နယ် မိုးညိုတန်းလမ်းမ၌ကျင်းပသော မြို့နယ်အတွင်းရှိ ပြည်သူများ၊ မြို့မီးလင်းရေး ကော်မတီများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်နိုင်ငံတော်က ပံ့ပိုးပေးသော 33/11 KV(2500 KVA)ဓာတ်အားခွဲရုံ ဖွင့်လှစ်ပွဲနှင့် မြေနေရာ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် လျှပ်စစ်ထရန်စဖော်မာ ဇေယျာအောင် ဓာတ်အားခွဲရုံသစ်အတွက် ငွေကျပ်သိန်း ၇၀တန် မြေနေရာနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို မြေပိုင်ရှင်များဖြစ်ကြသည့် ရန်ကုန်ထရန်စဖော်မာနှင့် အီလက်ထရွန်နစ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမောင်သောင်းနှင့် အုတ်ဖိုမြို့နယ်မှ မြို့မိမြို့ဖ ဦးစိန်ဝင်းတို့က ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်ထံ ပေးအပ်ကြသည်။

ထို့နောက် အိုးသည်ကုန်းမြို့နယ် လျှပ်စစ်ဓာတ်အားတိုးချဲ့ရေးအတွက် 33/11 KV(1250) KVA ဓာတ်အားခွဲရုံတည်ဆောက်မည့် မြေနေရာနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွေးက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက လက်ခံသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် မြို့နယ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလှကြည်တို့က 33/11 KV (2500)KVA ဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က 33/11 KV(2500) KVA လျှပ်စစ်ဓာတ်အားခွဲရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဒေးဒရဲ စက်မှု(၁) အထူးဈေးရောင်းပွဲတော်

ဒေးဒရဲ ဇန်နဝါရီ ၂၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်ဖြစ်မြောက်ရေးကော်မတီ၏စီစဉ်မှုဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ဖျာပုံခရိုင် ဒေးဒရဲမြို့ တံတားအနီး ဧရာမင်္ဂလာခန်းမ မြက်ခင်းပြင် ဈေးအရောင်းဆိုင်များ မုခ်ဦးရှေ့၌ ဇန်နဝါရီ ၁၉ရက် နံနက်၈နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲ အခမ်းအနားကို အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းနောင်နှင့် ခရိုင်ဥက္ကဋ္ဌ ဦးမျိုးချစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊စားသောက်ကုန်လုပ်ငန်း၊ အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းတို့မှ လူသုံးကုန်ပစ္စည်း ၃၁၆မျိုး ရောင်းချနေမှုနှင့် ပြည်သူများ ဝယ်ယူအားပေးနေမှုကို လှည့်လည်ကြည့်ရှုကြသည်။

လက်လီလက်ကားရောင်းချပေး

အထူး ဈေးရောင်း ပွဲတော်ကို ဇန်နဝါရီ၂၈ရက် အထိ လက်လီလက်ကား ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ

ဗီလာကို ပြောင်းရွှေ့မယ့် စပါးတိုက်စစ်မှူး ဒီဖိုး

မောင်မောင်မြင့်ဆွေ ရေးသည်

လန်ဒန် ဇန်နဝါရီ ၂၃

စပါးအသင်းမှာ ပုံမှန်နေရာမရဖြစ်နေတဲ့ တိုက်စစ်မှူး ဒီဖိုးဟာ အခု ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်မှာ အက်စ်တွန်ဗီလာအသင်းကို ပြောင်းရွှေ့ဖို့ ကြိုးစားနေပြီ ဖြစ်ပါတယ်။

စပါး တိုက်စစ်မှူး

အက်စ်တွန်ဗီလာ အသင်းသို့ ပြောင်းရွှေ့ရန် ကြိုးစားနေသော စပါးတိုက်စစ်မှူး ဒီဖိုး။

(အင်တာနက်ဓာတ်ပုံ)

သေချာသလောက်ရှိ

ဒီဖိုးအနေနဲ့ ဗီလာအသင်းကို ပြောင်းရွှေ့ကစားဖို့ ဗီလာအသင်း နည်းပြ မာတင်အိုနေးလ်နဲ့ ဆွေးနွေးမှုတွေ ပြုလုပ်နေတာဟာ ပြီးဆုံးတော့မှာဖြစ်လို့ ဒီဇန်နဝါရီလ အပြောင်းအရွှေ့ဈေးကွက် မပိတ်ခင်မှာ ဒီဖိုးဟာ ဗီလာအသင်းကိုရောက်ဖို့ သေချာသလောက်ရှိနေပြီ ဖြစ်ပါတယ်။

တရားဝင်ဆွေးနွေး

စပါးအသင်းနည်းပြ ရာမို့စ်နဲ့လည်း အသင်းက ထွက်ခွာဖို့ ပြောကြားခဲ့ပြီမို့ ဒီဖိုးအနေနဲ့ ဗီလာအသင်းကို ပြောင်းရွှေ့ရေးကိစ္စမှာ ပေါ်ပေါ်ထင်ထင် တရားဝင် ဆွေးနွေးနိုင်ခြင်းလည်း ဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်း နည်းပြ မာတင်အိုနေးလ်ဟာ ဒီဖိုးကိုခေါ်ယူဖို့ ပြီးခဲ့တဲ့နွေရာသီကာလကတည်းက ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး၊ အဲဒီအချိန်က စပါးအသင်းကို ဒီဖိုး ပြောင်းရွှေ့ကြေးအဖြစ် ပေါင်၄၀သန်းပေးခဲ့ပေမယ့် စပါးအသင်းက ပယ်ချခဲ့တာကြောင့် ခေါ်ယူဖို့ အစီအစဉ်ပျက်ပြားခဲ့ရခြင်း ဖြစ်ပါတယ်။

တိုက်စစ်မှူးကောင်း

အခုအချိန်မှ ဗီလာနည်းပြ မာတင်အိုနေးလ်ဟာ ဒီဖိုးနဲ့ ဆွေးနွေးတာ အောင်မြင်မှုတွေ ရရှိနေပြီဖြစ်လို့ စပါးအသင်းနဲ့ ပြောင်းရွှေ့ကြေး ကိစ္စကို ဆွေးနွေးနေပြီ ဖြစ်တယ်လို့ ဆိုပါတယ်။ တကယ်တော့ ဒီဖိုးက စပါးအသင်းမှာ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီကတည်းက ကစားခဲ့တာ ဖြစ်ပါတယ်၊ ဝက်စ်ဟမ်းအသင်းကနေပြီး စပါးအသင်းကို ပြောင်းရွှေ့လာတဲ့ တိုက်စစ်မှူး ဒီဖိုးဟာ စပါးအတွက် ဘောလုံးရာသီ ငါးရာသီမှာ ၆၆ ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးကောင်း တစ်ဦးလည်း ဖြစ်ပါတယ်။

စိတ်သောကရောက်

ဒါပေမယ့်စပါးအသင်းမှာဘာဘာတော့ဗ်၊ ရော်ဘီကိန်းတို့က ပထမဦးစားပေးတိုက်စစ်မှူးတွေ ဖြစ်နေတာကြောင့် ဒီဖိုးအနေနဲ့ ပွဲတိုင်းပါဝင်ကစားဖို့ အခွင့်အရေးနည်းပါးနေခဲ့ပါတယ်။ ဒီနှစ် ပရီမီယာလိဂ်မှာ စပါးအတွက် ပွဲချိန်ပြည့် နှစ်ပွဲသာ ကစားပေးခဲ့ရပြီး အချိန်ပိုင်း ၁၆ပွဲကစားပေးခဲ့ရလို့ ဒီဖိုး စိတ်သောကရောက်ခဲ့ရတယ်လို့ ဆိုပါတယ်။

လေးဂိုးသွင်းယူပေးထား

ဒီဖိုးဟာ လန်ဒန်မြို့ ဘက်တန်အရပ်မှာ ၁၉၈၂ ခုနှစ် အောက်တိုဘာ ၇ရက်မှာမွေးခဲ့တာမို့ အခုအသက် ၂၅ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူးတစ်ဦး ဖြစ်ပါတယ်။ အင်္ဂလန်လက်ရွေးစင် ဖြစ်သလို ဒီနှစ်ပရီမီယာလိဂ်မှာ စပါးအသင်းအတွက် လေးဂိုးသွင်းယူပေးထားနိုင်ပါတယ်။

ဒီဖိုးရဲ့ကစားမှုကိုကြည့်ရင် တစ်ဖက်အသင်း ဂိုးဧရိယာအတွင်းမှာတော့ အန္တရာယ် အပေးနိုင်ဆုံး တိုက်စစ်မှူးတွေထဲမှာတော့ ပါဝင်နေဆဲပါပဲ။ တစ်ဖက်အသင်း နောက်တန်းကို ခေါင်းအေးအေးထားပြီး ထိုးဖောက်တတ်တဲ့ တိုက်စစ်မှူး တစ်ဦးလည်း ဖြစ်ပါတယ်။ အခုတော့ စပါးကနေပြီး စွန့်ခွာဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်တဲ့ ဒီဖိုးဟာ မကြာခင်မှာ ဗီလာကွင်းမှာ တွေ့မြင်ရတော့မှာဖြစ်ပါကြောင်း။ ။

အီဂျစ် တိုက်စစ်မှူး ရာဘီုး

အီဂျစ်တိုက်စစ်မှူး ရာဘိုး၏ ဘောလုံး ထိန်းသိမ်းရာတွင် ကျွမ်းကျင်မှုကို ဤသို့ တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ရေးသူ-မြင့်မောင်စိုး

အာဖရိကနိုင်ငံများ ဘောလုံးပြိုင်ပွဲ လက်ရှိချန်ပီယံအီဂျစ် ကင်မရွန်းကိုအနိုင်ယူ

ဂါနာ ဇန်နဝါရီ ၂၃

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၂ရက်က ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ အုပ်စု(င)မှ အီဂျစ်အသင်းသည် ကင်မရွန်း အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

စတင်လိုက်

အီဂျစ်နာမည်ကြီး ကစားသမားများ ဖြစ်ကြသည့် မိုဟာမက် ဇီဒန်းနှင့် ဟို့စ်နီရာဘိုးတို့က နှစ်ဂိုးစီသွင်းယူပေးပြီး လက်ရှိချန်ပီယံဆုဖလားကို ကာကွယ်ရန် စတင်လိုက်သည်။

အီဂျစ် တိုက်စစ်မှူးများသည် လက်ရှိ ချန်ပီယံပီပီ ပထမပိုင်းမှာပင် ဖိကစားနိုင်မှုကြောင့် ကင်မရွန်းတို့ နောက်တန်းခံစစ်ပျက်ပြီး သုံးဂိုးရအောင် သွင်းယူသွားနိုင်ခဲ့သည်။ အီဂျစ်အသင်း အတွက် ဖွင့်ဆော်ဦးဂိုးကို ရာဘိုးက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ပြီး မိုဟာမက် ဇီဒန်းက နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ရှုံးနိမ့်ခဲ့ရ

အာဖရိကနိုင်ငံများဖလား လေးကြိမ်ဆွတ်ခူးခဲ့ဖူးသည့် ကင်မရွန်း အသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုး သွင်းယူနိုင်ရေး အကြိတ်အနယ် ကြိုးစားရာ တိုက်စစ်မှူး အီတူးက ၅၁ မိနစ်တွင် ချေပဂိုး တစ်ဂိုး သွင်းယူလိုက်နိုင်သည်။ သို့သော်လည်း ရာဘိုးကပွဲပြီးရန် ရှစ်မိနစ်အလိုတွင် အီဂျစ်အသင်းအတွက် တစ်ဂိုး ထပ်မံသွင်းယူခဲ့၍ ကင်မရွန်းတို့ မျှော်လင့်ချက် နည်းခဲ့သည်။ သို့သော်လည်း ပွဲသိမ်းလေလွင့်ချိန်တွင်အီတူးကပယ်နယ်တီမှတစ်ဆင့် တစ်ဂိုး ထပ်မံသွင်းယူခဲ့၍ ပွဲအပြီး လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ရမှတ်သုံးမှတ်

ထိုနေ့က အုပ်စု(င)မှ ဇမ်ဘီယာ အသင်းကလည်း ဆူဒန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ရမှတ် သုံးမှတ်ကို ရယူထားသည်။

(အင်တာနက်)

ကာလင်းဖလား အကြိုဗိုလ်လုပွဲယှဉ်ပြိုင် စပါးအသင်း အာဆင်နယ်ကိုဂိုးပြတ်သွင်းပြီး ဗိုလ်လုပွဲတက်

လန်ဒန် ဇန်နဝါရီ ၂၃

စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ကာလင်းဖလား ဒုတိယအကျော့ အကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ စပါးအသင်းက ငါးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်သွားသည်။

လက်ဆောင်ဂိုး

စပါးအသင်းလူငယ်များသည် ပွဲစသည်နှင့် လျင်လျင်မြန်မြန် ထိုးဖောက်ကစားခဲ့ရာ ပွဲစပြီး သုံးမိနစ်မှာပင် ဂျီးနက်စ်က အဖွင့်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၂၆မိနစ်တွင် စပါးအသင်းကစားသမားများက တစ်သင်းလုံး တိုက်စစ်အရှိန်မြှင့်တင်ကစားခဲ့ရာ အာဆင်နယ်ကစားသမား ဘန့်တနာ ကိုယ့်ဂိုးထဲကိုယ် ခေါင်းတိုက်ပြန်သွင်းမိ၍ စပါးတို့ လက်ဆောင်ဂိုးရခဲ့ပြန်သည်။

တစ်လုံးထပ်မံသွင်းယူ

စပါးအသင်းသည် ရရှိထားသော အနိုင်ဂိုး နှစ်ဂိုးကြောင့် ဒုတိယပိုင်းတွင်လည်း ခြေမြူးနေရာ တိုက်စစ်မှူး ရော်ဘီကိန်းက ၁၈ကိုက်အကွာမှ စပါးအသင်းအတွက် တစ်ဂိုး ထပ်မံသွင်း ယူလိုက်ပြန်သည်။

ဖန်တီးနိုင်မှုနည်းပါး

ယင်းဂိုးသွင်းပြီး အတန်ကြာအောင် တစ်ဖက်နှင့် တစ်ဖက်အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြသော်လည်း အာဆင်နယ်တို့ ဂိုးပေါက်ဖန်တီးနိုင်မှု အလွန်နည်းပါးသည်ကို တွေ့ရသည်။

ပွဲချိန် မိနစ် ၆၀တွင် စပါးအသင်းမှ လင်နွန်က စပါးအသင်းအတွက် စတုတ္ထမြောက်ဂိုး သွင်းယူနိုင်ခဲ့သည်။ မိနစ် ၇၀ တွင် အာဆင်နယ်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို အဒီဘာယောကသွင်းယူသွားသည်။ ပွဲသိမ်း မိနစ် ၉၀ ပြည့်ချိန်တွင် မဲဘရန့်က စပါးအသင်းအတွက် တစ်ဂိုးထပ်မံ သွင်းယူလိုက်၍ ပွဲအပြီး အာဆင်နယ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ဗိုလ်လုပွဲတက်ရောက်

အာဆင်နယ်နှင့်စပါးအသင်းတို့သည် ပထမအကျော့ကစားခဲ့ရာတွင် တစ်ဖက်တစ်ဂိုးစီ သရေကျထားခဲ့သဖြင့် စပါးအသင်းက နှစ်ပွဲပေါင်း ရလဒ် ခြောက်ဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဗိုလ်လုပွဲတွင် စပါးအသင်းသည် ချယ်လ်ဆီး သို့မဟုတ် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

အကြိတ်အနယ် ယှဉ်ပြိုင်

အာဆင်နယ်အသင်းနှင့် စပါးအသင်းတို့ဤသို့ အကြိတ်အနယ် ယှဉ် ပြိုင် ခဲ့ ကြသည်။

(အင်တာနက်ဓာတ်ပုံ)

အင်တာနက် သတင်းအတိုအထွာ

- **မီကက်ချ်ရစ်ချတ်သည် အသင်းနှင့် နှစ်ရှည် စာချုပ်ချုပ်ဆိုတော့မည်ဆိုသောသတင်းကို မန်စီးတီးအသင်းက ငြင်းဆိုခဲ့သည်။**
- လီဗာပူးအသင်း၌ နည်းပြဘင်နီတက်ဇ်နှင့် အသင်းပိုင်ရှင်များအကြား အခြေအနေရှုပ်ထွေးနေချိန်တွင် ကစားသမား မာရှေယာနိုသည် နွေရာသီတွင် အီတလီကလပ်အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိကြောင်း သတင်းထွက်ပေါ်နေသည်။
- **စပါးအသင်းနည်းပြ ဂျူအန်ဒီရာမို့စ်သည် ရေးဆင်းအသင်းတွင် ကစားနေသည့် အာဂျင်တီးနားကစားသမား ဂါရေးကို ခေါ်ယူရန်စိတ်ဝင်စားနေသည်။**
- ရိန်းဂျားအသင်းတွင် ကစားနေသော မန်ယူဂိုးသမားဟောင်း ရှိုင်းကာရီးလ်သည် ဒါဘီအသင်းနှင့် ဆက်သွယ်မှုပြုခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။
- **ပို့စ်မောက်နည်းပြ ဟာရီရက်နက်သည် မီလန်ဘားရို့စ်အား အင်္ဂလန်ပရီမီယာလိဂ်သို့ ပြန်လည်ခေါ်ချရေး ဆွဲဆောင်ရန် ကြိုးစားလျက်ရှိကြောင်း ရေးသားဖော်ပြသည်။**
- ရက်ဒင်းအသင်းသည် လန်းစ်အသင်းမှ ဂျင်မီကီဘီကို ပေါင်လေးသိန်းဖြင့် အလျင်အမြန်ခေါ်ယူစာချုပ်ချုပ်ဆိုနိုင်ရန် ဆောင်ရွက်နေသည်။
- **ဘာမင်ဂမ်အသင်းသည် အက်စ်တွန်ဗီလာမှ ဂါရီကာဟေးလ်နှင့် စာချုပ်ချုပ်ဆိုနိုင်ရန် မျှော်လင့်သည်ဟု သတင်း၌ဖော်ပြသည်။**
- စီရိုနယ်ဒို၏မိခင်ဖြစ်သူက တစ်ချိန်တွင် ၎င်း၏သား ရီးရဲမက်ဒရစ်တွင် ကစားစေချင်သည့်ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၈ ဖြင့် **သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နန်းမွန်** (RUBY CITY GEMS)အား **အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်** ထပ်မံချီးမြှင့်ခံရခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးများကို ဆတက်ထမ်းပိုးတိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မောင်ညီမများ	**တူ၊ တူမများ**
ဦးလွင်ဦး-ဒေါ်ခင်မြသွေး	ကျော်ပြေဦး၊ သော်ပြေဦး၊
ဒေါက်တာကျော်မင်း-ဒေါ်သင်းသင်းပြေ	ဒေါက်တာ နန်းပြေမျိုးသက်၊
ဦးမောင်မောင်ဖြူ	ဒေါက်တာ စိုင်းပြေမျိုးကျော်
ဦးစိုင်းမျိုးမြင့်-ဒေါ်မိမိပြေမောင်	

မြန်မာ့သိုင်းပညာစဥ်ပြပွဲနှင့် ဗန်တို(အတိုက်)ပြိုင်ပွဲနှီးဆော်ခြင်း

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပမြဲဖြစ်သော မြန်မာ့သိုင်းပညာစဥ်ပြပွဲနှင့် ဗန်တို(အတိုက်) ပြိုင်ပွဲကို ၂၀၀၈ခုနှစ် မတ်လနောက်ဆုံးပတ်တွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် ရည်ရွယ်ထားပါ၍ မြန်မာ့သိုင်းပညာရှင်များအနေဖြင့် ကြိုတင်လေ့ကျင့်ထားရန်နှင့် ထူးခြားသော ပြကွက်များအတွက် အဖွဲ့ချုပ်သို့ အမြန်ဆုံးစာဖြင့် တင်ပြကြရန် နှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်။

ကျေးဇူးဆပ်ပါမည် ယာဉ်အမှတ် ည/၂၇၇၈ ၏ အခွန်ကျေ ပုံစံ(၁)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပို့ပါရန်။ ကျေးဇူးဆပ်ပါမည်။

အောင်မြစိုး၊ ဖုန်း-၇၂၈၁၆၈၊ ၀၉-၅၂၄၀၈၅၆။

ဓိနိုဝင်းနှင့်ရောင်းရင်းများ ဘုရားဖူး

ရွှေစက်တော်သီးသန့် လမ်းဘုရားစုံ (အင်း-သောကြာ)၊ ပုဂံ-ပုပ္ပား(၆)ရက် (မန္တလေး၊မြင်ဦး၊လွင်၊စစ်ကိုင်း၊မုံရွာ)(တောင်ကြီး၊အင်းလေး)(၉)ရက်၊ အထက်ပါစရိတ်စ+ဆုံး(၁၁)ရက်၊ ရွှေစက်တော်+အလောင်းတော်ကဿပ-(၃)ညအိပ်(၄)ရက် ရွှေစက်တော်၊ ရခိုင်၊ မြောက်ဦး၊ စစ်တွေ(၇)ရက်၊ (9.2.08)နေ့စတင်ထွက်မည်၊ (အလောင်းတော်ကဿပသီးသန့်) မှတ်ဆယ်စရိတ်၊ ကျိုက်ထီးရိုး(နေ့စဉ်) ဘွားကြီးသာ ဇွဲကပင်။ အထက်ပါခရီးစဉ်ကြိုတင်လက်မှတ်ရောင်းပြီး စုံစမ်းပါ။ ကားစီးလုံးထားသည်။

အမှတ်(၂၃၅)ပန်းဆိုးတန်းလမ်း။ 249871, 09-51 37245,09-99 72025

သန့် အကောင်းကြိုက်သူများအတွက်

စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ တောင်ပျံမွှေး၊ ပဲဆီမွှေး၊ ပေါ်ကျွဲ၊ စီယာရှယ်၊ သုခရှယ်၊ ရွှေသွယ်လေး၊ မီးကောက်၊ ဘာဝမာတီ၊ ရှမ်းဆန်၊ ကောက်ညှင်း၊ ၁၂ပြည်၊ ၂၄ပြည် အိတ်များကိုအိမ်အရောက်ပို့ပေးပါသည်။

တိုက်(၃)၊ အမှတ်(၀၀၄)၊ ဧယျာမွန်အဆင့်မြင့်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး။

၆၈၁၂၀၉၊ ၆၈၁၅၀၄၊ ၇၁၀၇၀၇၊ ၀၉-၉၉၂၈၁၆၃

ဂုဏ်ခန်းအသစ်တိုးချဲ့ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အနေဖြင့် FATHER LAND Construction &Decoration

ဆောက်လုပ်ဆဲတိုက်ခန်းများနှင့်ဆောက်လုပ်ပြီးတိုက်ခန်းများကို "အထူးလျှော့ဈေး" ဖြင့်ရောင်းချပေးနေပါပြီ

ခေတ်မီ၊ လှပ၊ တိုးတက်ဖို့ "Father Land" နဲ့ဆက်သွယ်ရို့

Construction

- ☑ အမှတ်(၂၁၉)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။ (30' x 40')
- ☑ အမှတ်(၂၁၄)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။ (25' x 60')
- ☑ အမှတ်(၄၅၈)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ (15' x 60')
- ☑ အမှတ်(၅၂)၊ စဂုလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ (15' x 60')
- ☑ အမှတ်(၁၁၅)၊ ဥဒုလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ (15' x 70')
- ☑ အမှတ်(၉)၊ မဟာဗေဒ္ဓုလမ်း၊ ပုဇွန်တောင်မြို့နယ်။ (15' x 60')
- ☑ အမှတ်(၂၀၀/၂၀၆)၊ စက်ရုံလမ်း၊ တာမွေမြို့နယ်။ (25' x 70')
- ☑ သံဈေးကွန်ဒို (၇ လွှာ) (30' x 40')
- ☑ ခြံအမှတ်(၁)၊ ဂန္ဓမာ(၇)လမ်း၊ မင်္ဂလာမွန်အိမ်ရာ။(10200 Sqft)
- ☑ ခြံအမှတ်(၂၅/၂၆)၊သံလွင်လမ်း၊အောင်မင်းခေါင်(၂)လမ်းထိပ်။(2100Sqft)

Decoration

- ☑ အဆောက်အအုံများကို PAE စနစ်ဖြင့်ဆောက်လုပ်ခြင်း
- ☑ အလူမီနီယမ်၊ မှန်၊ စတီး(လ်)၊ပလတ်စတာကောနစ်၊WallPaper၊မှန်ကပ်စတေကာများကို (၃)နှစ်အာမခံဖြင့်အလှဆင်ပေးခြင်း။
- ☑ ပါကေးခင်းခြင်း၊ ကြွေပြားခင်း/ကပ်ခြင်း
- ☑ ရေပိုက်လိုင်းနှင့်မီးလိုင်းများ သွယ်တန်းပေးခြင်း
- ☑ သံပန်း၊ သံတံခါး ပြုလုပ်ခြင်းနှင့်
- ☑ ဆေးသုတ်ခြင်းလုပ်ငန်းများ
- ☑ အိမ်ခြံမြေအကျိုးဆောင်ပေးခြင်း

Discount - 5% to 25%
14-1-2008 to 29-2-2008

(လူကြီးမင်းများစိတ်ကျေနပ်မှုရှိသည်အထိ တာဝန်ယူဆောင်ရွက်ပေးနေပါသည်။)

ဆက်သွယ်ရန်

- ရုံးချုပ် - အမှတ်(၂၂၁)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ် 09-5131071, ☎ -204055, 204069, 298540
- ရုံးခွဲ - အမှတ် (၈၄)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ☎ -394152, 394177, 382436, 372054၊
- ရုံးခွဲ - အမှတ် (၃၃)၊ ၇၈ လမ်း၊ ၃၄ လမ်း နှင့် ၃၅ လမ်းကြား၊ ရတနာပုံဈေးအနီး၊ မန္တလေးမြို့၊ ☎ - 02- 33488

လယ်ယာ/ဆည်မြောင်းက ဆောက်လုပ်ရေးကို အနိုင်ရရှိ စီးပွား/ကူးသန်းက ပို့ဆောင်ရေးကို ဂိုးပြတ်သွင်း

သတင်းမြင်ကွင်း ကိုထွေး

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၃နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ လယ်ယာ/ဆည်မြောင်းအသင်းက ဆောက်လုပ်ရေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

သွင်းယူပေး

လယ်ယာ/ဆည်မြောင်းအသင်းအတွက် အနိုင်ဂိုး နှစ်ဂိုးစလုံးကို ဒုတိယပိုင်းတွင် တင်အောင်မိုးက သွင်းယူပေးသည်။ ယနေ့ပွဲစဥ်အပြီးတွင် ဆောက်လုပ်ရေးအသင်းက ငါးပွဲကစား တစ်ပွဲနိုင် နှစ်ပွဲသရေ နှစ်ပွဲရှုံး ငါးမှတ်၊ လယ်ယာ/ဆည်မြောင်းအသင်းက ငါးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံး လေးမှတ် ရရှိထားသည်။

အနိုင်ရရှိ

ဇန်နဝါရီ ၂၂ရက်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ စီးပွား/ကူးသန်းအသင်းနှင့်ပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားရာ စီးပွား/ကူးသန်းအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ စီးပွား/ကူးသန်းအသင်းအတွက် အနိုင်ဂိုးများကို ဇော်လင်းထွန်း၊ မျိုးဇော်ထွန်းနှင့် စထက်နိုင်ဝင်းတို့က တစ်ဂိုးစီ သွင်းယူပေးသည်။

ထိပ်ဆုံးမှဦးဆောင်

ယနေ့ပွဲစဥ်များအပြီးတွင် စီးပွား/ကူးသန်းအသင်းက လေးပွဲကစား လေးပွဲနိုင် ၁၂မှတ်၊ ပို့ဆောင်ရေးအသင်းက လေးပွဲကစားသုံးပွဲနိုင်၊ တစ်ပွဲရှုံး ကိုးမှတ်ရရှိထားသည်။ ဘဏ္ဍာ/ အခွန်အသင်းနှင့် စီးပွား/ကူးသန်း အသင်းတို့ ၁၂မှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်အရ စီးပွား/ ကူးသန်းအသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ယနေ့ပွဲ

ဇန်နဝါရီ၂၄ရက်**(ယနေ့)** ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲအဖြစ် Eleven အသင်းနှင့် မြန်မာ့မီးရထားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကားမီးလောင်မှု စမ်းချောင်း၌ဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၃

စမ်းချောင်းမြို့နယ် လင်းလွန်းမြောက်ပိုင်း ရပ်ကွက် ဗဟိုလမ်းနှင့် သရက်တောလမ်း ထောင့်တွင် ဟိုင်းအေ့စ်အဖြူရောင်ကား မောင်းလာရာမှ မီးထလောင်မှု ယမန်နေ့ နံနက်ပိုင်းက ဖြစ်ပွားသည်။

ယမန်နေ့ နံနက် ၇နာရီခွဲခန့်က ယာဉ်မောင်း ကိုဌေးဝင်း(၄၄)နှစ် (ဘ) ဦးဖေသိန်း ပန်းတနော်လမ်းနေသူ မောင်းနှင်လာသော ဟိုင်းအေ့စ်ကား ၅က/၃၉၄၂သည် သရက်တောလမ်း ထိပ်အရောက်တွင် ကားခေါင်းထဲရှိ အေစီပန့်မှ ရှော့ဖြစ်ပြီး မီးထလောင်ရာ ကားခေါင်းရှေ့ခြမ်းတစ်ခုလုံး မီးလောင်ကျွမ်းပျက်စီးသွားသည်။ မီးလောင်ရာသို့ စမ်းချောင်းမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်တွင်းရှိ ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းသွားသည်။ မော်တော်ယာဉ်မီးလောင်မှုကို စမ်းချောင်းရဲစခန်းမှ ၄၆/၀၈ ပုဒ်မ၂၈၅ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(၁၀၃)**

စက်မှုတက္ကသိုလ်(မြို့ပြ) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

၁၉၈၇နှင့်၁၉၉၁ စက်မှုတက္ကသိုလ်(မြို့ပြ) ကျောင်းဆင်း ကျောင်းသားဟောင်းများ၏ ပြန်လည်တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲကို လှည်းတန်းမီးပွိုင့်အနီးရှိ တက္ကသိုလ်များဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁၆ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ အနေဖြင့် ဖိတ်စာရသည် ဖြစ်စေ၊ မရသည် ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ကိုသန်းဝင်း ဖုန်း-၀၉-၅၀၁၇၄၂၅၊ ကိုကိုထွေး ဖုန်း-၀၉-၉၉၂၅၆၄၉၊ ကိုကိုအေး ဖုန်း-၀၉-၅၁၁၉၀၇၀၊ ဒေါက်တာဉာဏ်မြင့်ကျော် ဖုန်း-၀၉-၅၀၃၃၅၅၈၊ မမော်မော်ကြည် ဖုန်း-၀၉-၈၀၂၀၉၇၈ နှင့်ကိုတိုးတိုးဝင်း ဖုန်း-၀၉-၅၀၁၄၄၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

မကွေးတိုင်း သရက်မြို့နယ်အတွင်း ကုန်တင်ယာဥ်တိမ်းမှောက်မှုဖြစ်ပွား

နေပြည်တော် ဇန်နဝါရီ ၂၃

ယာဥ်မောင်းဝင်းဌေး အသက်(၂၆)နှစ် (ဘ) ဦးကျော်လွင်မောင်းနှင်သည့် မင်းလှမြို့နယ် ညောင်ပင်ဝိုင်းကျေးရွာမှ သရက်မြို့သို့ ခရီးသည်နှင့်ကုန်များတင်ဆောင်လာသော အီစူးဇူးအမျိုးအစားကုန်တင်ယာဥ်အမှတ်၈/၂၆၃၅သည် ဇန်နဝါရီ၂၁ရက် ည၁၂နာရီခန့်တွင် မကွေးတိုင်း သရက်မြို့နယ် မိုးနတ်ကုန်းကျေးရွာအနီး ကားလမ်းပေါ်ရှိ သစ်သားတံတားသို့အရောက် အရှိန်မထိန်းနိုင်ဘဲ တံတား၏ ညာဘက်အစွန်းသို့နင်းမိသဖြင့် တံတားအောက်ခံရက်မတန်းများ ကျိုးပဲ့၍ ယာဥ်မှာ ချောင်းထဲသို့ ပြုတ်ကျ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဥ်ကြောင့် ယာဥ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် အမျိုးသားငါးဦးနှင့် အမျိုးသမီးခုနစ်ဦးသေဆုံးပြီး အမျိုးသားခြောက်ဦး၊ အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိကြသူများအား တာဝန်ရှိသူများက သရက်မြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့်လိုအပ်သော ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဥ်)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုနှင့် ကျေးလက်စာကြည့်တိုက်များ

ယနေ့လူသားတို့၏ ကမ္ဘာကြီးတွင် အရှေ့ဘက်ခြမ်းမှ အနောက်ဘက်ခြမ်းသို့ စက္ကန့်၊ မိနစ်ပိုင်းအတွင်း သတင်းများ၊ ဖြစ်ရပ်များကို ဆက်သွယ်၍ ရနေပါသည်။ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအကြားတွင် တစ်ဦးနှင့်တစ်ဦး လှမ်းခေါ်လျှင် ရနိုင်နေသည်။ ကမ္ဘာအရပ်ရပ်ရှိ မိသားစုအချင်းချင်း၊ ဆွေမျိုးစုအချင်းချင်း လှမ်းအော်လျှင် ကြားသိနိုင်သည့် ကမ္ဘာ့ရွာကြီးတစ်ရွာ ဖြစ်နေပြီဖြစ်သည်။ ထိုသို့ ကမ္ဘာ့ရွာကြီးအတွင်း ခေါ်အော်သိကြားနေကြခြင်းသည် လူသားတို့ ဖန်တီးအသုံးပြုနေသည့် ဆက်သွယ်ရေးစနစ်များကြောင့် ဖြစ်သည်။ ဤကဲ့သို့ပင် အခြားအခြားသော ကဏ္ဍအသီးသီးတို့သည်လည်း လူသားတို့တီထွင်မှုများဖြင့် တိုးတက်နေသည်။ ကမ္ဘာအတွင်းရှိ လူသားတို့၏ ဖန်တီး တီထွင်အသုံးပြုမှုများကြောင့် လူနှင့်လူ့ပတ်ဝန်းကျင်တစ်ရပ်လုံး အရှိန်အဟုန်မြင့်စွာ တိုးတက်ပြောင်းလဲနေသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။

ထိုသို့ ကမ္ဘာသည် ရွာကြီးတစ်ခုအလား ဆက်စပ်ပြောင်းလဲလွှမ်းမိုးဖြစ်ပေါ်လာနေသည်ကို နိုင်ငံတိုင်းက လက်ခံလာကြသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများသည် အထီးကျန်ရပ်တည်၍ မရသည့်အခြေအနေများ ဖြစ်သည်။ ကမ္ဘာ့မိသားစုဖြစ်လာသော နိုင်ငံအသီးသီးသည် မိမိနိုင်ငံနှင့်အခြားနိုင်ငံများ ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်နိုင်ရန် ကြိုးစားလာသည်။ ဖွံ့ဖြိုးတိုးတက်နိုင်ရန်မှာ သဘာဝသယံဇာတ အရင်းအမြစ်တစ်ခုတည်းကို အားကိုးနေ၍မရ၊ လူ့စွမ်းအားအရင်းအမြစ်များကိုလည်း ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားရမည်ကို နားလည်လာကြသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ပါက လူသားတို့၏ အသိဉာဏ်၊ ပညာ၊ တီထွင်ဖန်တီးနိုင်မှုနှင့် ခေတ်မီနည်းပညာများကို အသုံးချနိုင်မှသာ နိုင်ငံတိုးတက်လာမည် ဖြစ်ပါသည်။ နိုင်ငံတစ်ခု၏လက်ဝယ်ရှိ သဘာဝသယံဇာတအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်စေရန် လူ့စွမ်းအားအရင်းအမြစ်များက ဖော်ထုတ်အသုံးချရမည် ဖြစ်ပါသည်။ သို့မှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး နောက်ကျကျန်ခဲ့လျှင် တိုးတက်နေသော နည်းပညာခေတ်တွင် မိမိတို့ကျန်ခဲ့မည် ဖြစ်သည်။ ထို့ကြောင့် မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံများသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဆောင်ရွက်နေကြသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ပညာရည်တိုးတက်မြင့်မားရေးနှင့် ခေတ်မီနည်းပညာများ အသုံးချနိုင်ရေးတို့ ဖြစ်သည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနက မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို အဓိကတာဝန်ယူပြီး ဆောင်ရွက်နေပါသည်။ ၂၁ရာစု နည်းပညာခေတ်တွင် အခြားဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများထက် မိမိတို့နိုင်ငံအား ပညာရည်မနိမ့်အောင် ကြိုးပမ်းဆောင်ရွက်နေသည်။ လူငယ်လူရွယ်များအတွက် ခေတ်နှင့်ရင်ပေါင်တန်းနိုင်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် အခွင့်အလမ်းများ ပွင့်လန်းနေပြီဖြစ်သည်။

မြန်မာနိုင်ငံလူဦးရေ၏ ရာခိုင်နှုန်း၇၀ကျော်သည် ကျေးလက်ဒေသနေပြည်သူများဖြစ်ကြသည်။ ကျေးလက်ဒေသနေပြည်သူများ၏ အသိဉာဏ်ဗဟုသုတ ပြည့်စုံမှလည်း လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိ ကျေးလက်ဒေသနေ ပြည်သူများ၏ဘဝ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုအပေါ် တည်မှီနေသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသနေပြည်သူများ ဗဟုသုတ၊ အသိပညာ မြင့်မား၍ လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေမည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပေးခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနက ကိုယ်ပွားသတင်းစာတိုက်များ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ပြည်နယ်နှင့်တိုင်းများတွင် တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးနေခြင်းသည် နိုင်ငံသားများ ခေတ်နောက်ကျမကျန်ရစ်စေဘဲ ပြည်တွင်းပြည်ပ ဗဟုသုတ၊ သတင်းနှင့် အချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်စေရန် ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

ကြို့ပင်ကောက် တင်မောင်ဦး

ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန ပြန်ကြားရေးဌာနခွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအဖြစ် ၁၉၉၁ခုနှစ် ဇန်နဝါရီလ ၂၄ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းဖွင့်လှစ်ခဲ့ရာ ယနေ့ဆိုလျှင် ၁၇နှစ်ပြည့်မြောက်တော့မည် ဖြစ်သည်။

တစ်နိုင်ငံလုံးတွင် စာကြည့်တိုက် ၃၈၉ခုနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၅၅၇၅၅တို့ကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၄-၂၀၀၅ခုနှစ်မှ စတင်ထူထောင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

စာပေကို လက်ဆင့်ကမ်း ဖြန့်ဝေရာတွင် ပညာဘဏ်တိုက် စာကြည့်တိုက်၊ ဘဝတက္ကသိုလ်၊ လောက၏ ပြတင်းပေါက်ဟုခေါ်သော စာကြည့်တိုက်များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါနေသည်။ စာကြည့်တိုက်များ၌ နိုင်ငံလူဦးရေ၏ ရာခိုင်နှုန်း၇၀သော ကျေးလက်ဒေသရှိ ပြည်သူတို့၏ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်လည်း ပါဝင်သည်။ ထိုကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖို့ အလွန်အရေးကြီးပါသည်။

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့စေရေးအတွက် ကျေးလက်ပြည်သူများ စာဖတ်သော အလေ့အကျင့်ရှိလာအောင် ဆောင်ရွက်ရေး၊ စာအုပ်စာစောင်များ မပျောက်ပျက်အောင် ထိန်းသိမ်းပြီး စာအုပ်သစ်များ ဝယ်ယူနိုင်ရန်၊ ငွေပဒေသာပင်စိုက်ထူရေးနှင့် စာအုပ်ငှားသည့်စနစ် ထူထောင်ထားရှိရေး၊ ကိုယ်ပိုင်မြေနှင့် အဆောက်အအုံရရှိရေး၊ သင့်တင့်သော ပရိဘောဂရရှိရေးနှင့် စာကြည့်တိုက်ကော်မတီဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်ပြီး စာကြည့်တိုက်မှူးများ ထားရှိရေးတို့ကို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစဉ်သဖြင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

ထို့အပြင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရယူဆောင်ရွက်ရမည့် အားလေးအား ရှိပါသည်။ ယင်းတို့မှာ ဒေသဆိုင်ရာအာဏာပိုင်များ၏အား၊ လူမှုရေးအသင်းအဖွဲ့များ၏အား၊ စေတနာရှင်ပြည်သူများနှင့် ဒေသခံပြည်သူများ၏အား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုအားတို့ ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဒေသအနှံ့တွင် ပေါ်ထွန်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို စာကြည့်တိုက်ကော်မတီဝင်များက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အားသွန်ခွန်စိုက် ကြိုးပမ်းနေကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်အကောင်အထည်ဖော်။ ကျေးလက်ဒေသနေပြည်သူများ ဗဟုသုတ၊ အသိပညာ မြင့်မား၍ လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေမည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပေးခဲ့။

ရန်ကုန် အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မိသားစုများ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင်ကျင်းပရာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ဇနီး ဒေါ်ချယ်ရီကျော်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်စိုးစိုးတို့က သင်တန်းသူများ၏ စက်ချုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။
(၁၀၇)

ရေဦး၌ ကြက်မွေးမြူရေးလုပ်ငန်းနှင့် ဇီဝလုံခြုံရေးဆင့်ပွားသင်တန်းဖွင့်

ရေဦး ဇန်နဝါရီ ၁၈

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၅ရက် နံနက် ၉နာရီက စစ်ကိုင်းတိုင်း ရေဦးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာမောင်မောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပို့ချ

သင်တန်းတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ ဒေါက်တာဒေါ်မေဝင်းရွှေ၊ အထက်မြန်မာပြည်ဓာတ်ခွဲခန်းမှ ဒေါက်တာခင်မမနှင့် စစ်ကိုင်းတိုင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာ အောင်ကြည်ဦး၊ ရေဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာတင်ထွန်းဇော်တို့က ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေးဆိုင်ရာ ဘာသာရပ်များကို ဆွေးနွေးပို့ချကြသည်။

တက်ရောက်

သင်တန်းသို့ ရေဦးမြို့နယ်တွင်းရှိ ကြက်မွေးမြူရေးလုပ်ငန်းရှင် သင်တန်းသား ၄၀ တက်ရောက် ကြသည်။
(မြို့နယ် ပြန်/ဆက်)

အထူးလှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ဖြင့် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင်

သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရသော ဦးသိန်းရွှေ (သုံးဆယ်မြို့) နှင့်

အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော် ထပ်မံချီးမြှင့်ခြင်းခံရသော

သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဦးခင်မြင့် လူမှုထူးချွန်(ပထမဆင့်)

မန်နေဂျင်းဒါရိုက်တာ–ရတနာဝင်း (သုံးဆယ်)လီမိတက်

လူမှုထူးချွန်(တတိယဆင့်) ချီးမြှင့်ခြင်းခံရသော

ဦးမြင့်ရွှေ(ခ)ဦးပဲကြီး

အထွေထွေမန်နေဂျာ–ရတနာဝင်း (သုံးဆယ်)လီမိတက်–ဒေသရုံးခွဲ

အား လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုအပ်ပါသည်။

ဆတက်ထမ်းပိုး တိုးတက်ပြီး နိုင်ငံ့အကျိုး၊ အမျိုးဘာသာ၊ သာသနာအကျိုးတို့ကို

ထူးချွန်စွာ ဆက်လက်အကျိုးပြုနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါသည်။

မကွေးကုမ္ပဏီ လီမိတက်

ဦးစိန်ငွေး	(ဥက္ကဋ္ဌ)	ဦးနေဝင်းအောင်	(ဒါရိုက်တာ)
ဦးနေဝင်း	(ဒုတိယဥက္ကဋ္ဌ)	ဦးအေးနိုင်	(ဒါရိုက်တာ)
ဦးမြင့်အေး	(အုပ်ချုပ်မှု ဒါရိုက်တာ)	ဦးစောလှဖေ	(ဒါရိုက်တာ)
ဦးကြည်ဝင်း	(ဒါရိုက်တာ)	ဦးဇော်မျိုးနိုင်	(ဒါရိုက်တာ)
ဦးထိန်ဝင်း	(ဒါရိုက်တာ)	ဦးနေလင်းအောင်	(ဒါရိုက်တာ)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပတ်လမ်းကျောက်ချောခင်းရန် စက်ယန္တရားများဖြင့် မြေပြုပြင်

ဖျာပုံ ဇန်နဝါရီ ၂၂

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြို့ပတ်လမ်း ကျောက်ချောလမ်းခင်းရန် အဖွဲ့ပိုင်စက်ယန္တရားကြီးများဖြင့် မြေပြုပြင် ဆောင်ရွက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၈ရက်က ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြရာ ခရိုင်ဥက္ကဋ္ဌက လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။**(ဝဲပုံ)**

အမြန်ပြီးစီးရေး

အဆိုပါ မြို့ပတ်လမ်းသည် မြို့နေပြည်သူများအတွက် အရေးကြီးသည့် လမ်းဖြစ်သကဲ့သို့ ဖျာပုံမြို့မှ ပင်လယ်ပိုင်းဒေသများသို့ မော်တော်ယာဉ်များဖြင့် သွားလာရာတွင် အဓိကဖြတ်သန်း သွားလာရသည့်လမ်းဖြစ်၍ အမြန်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၃၇)**

မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် မေဓာဝီလမ်း အမှတ် ၅၈၁နေ ဦးစိုးနိုင်–ဒေါ်အေးအေးစန်း မိသားစု(ချောချောဖိနပ်ဆိုင်)က ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ(ကိုယ်စား) အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။ (က–ပ)

မကွေးတိုင်း မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူ ဒီဇင်ဘာ ၉ရက်က မင်းလှမြို့နယ် ရေနံ့မ(မြောက်)ကျေးရွာ မိုးရေလှောင်ကန် တည်ဆောက်မှု လုပ်ငန်းကို ကွင်းဆင်းကြပ်မတ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ကျောက်တန်းအထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ကျောက်တန်း ဇန်နဝါရီ ၁၆

ကျောက်တန်းအထက ကျောင်းသားဟောင်းများ၏ (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၁၁နာရီတွင် အသောကာရာမ ပရိယတ္တိစာသင်တိုက် သာသနာ့ဝေပုလ္လဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အထက(၁)နှင့် အထက(၂)တို့၌ တစ်ဆက်တည်း လုပ်သက်ငါးနှစ်နှင့် အထက်ရှိသည့် အသက်(၆၀) အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများမှ အသက်(၇၀)နှင့်အထက် ကျောင်းအုပ် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ပူဇော်ပွဲ ပါဝင်လှူဒါန်းလိုသူများသည် ဦးဖေသောင်း–ဒေါ်မြင့်မြင့်စီ ဖုန်း–၀၁–၅၄၅၆၉၉၊ ဦးကြည်ညွှန့် ဖုန်း–၀၅၆–၂၅၆၄၅၊ ဦးပိန်း ဖုန်း–၀၅၆–၂၅၂၈၅၊ ဗိုလ်ကြီးတင်စိုး (ငြိမ်း) ဖုန်း–၀၅၆–၂၅၂၉၆နှင့် ဦးစိုးသန်း ဖုန်း–၀၅၆–၂၅၄၁၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၅)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက်
၂၅–၁–၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ပုဂံညောင်ဦးဒေသထွက်ကုန် အကြောင်း)
၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်ဖြိုးမွေးပင်)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (မပြိုင်ပါနဲ့ မောပါ့မယ်)

ညနေပိုင်း

၁၆:၁၀ ရာသီခါမီတေးပန်းချီ
(၁) ဆောင်းလွမ်းချင်း(လှမြင့်ဝင်း)
(၂) ဆောင်းညချမ်းမှ အတွေးဝင်္ကပါ (မူမူသက်)
(၃) ဆောင်းလေအေးအေးလကွေးကွေး (မောင်အောင်ဆွေ)
၁၇:၃၀ အဘိုးအဘွားအလေးထားကဏ္ဍ (ကာတွန်းပညာရှင် ဆရာကြီး ဦးဗကလေး)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (အရေးအကြီးဆုံးက)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (သဘာဝကုထုံးမိတ်ဆက်–မောင်ဆုရှင်)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အချစ်ဦးမောင့်ထံပြန်လာပါ (ဟသ်ာတအောင်တင်ဝင်း)
(၂) ခေါင်းလေးတငြိမ့် (စိုးစန္ဒာထွန်း)
(၃) အိပ်၍မပျော်သောညများ (စန္ဒရားလှထွတ်)

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် အရည်အသွေးပြည့်ဝသည့် အတတ်ပညာရှင်ဖြစ်အောင် စည်းကမ်းဥပဒေကို စောင့်ထိန်းလိုက်နာသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြား

တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကို စေတနာအပြည့်အဝဖြင့် ပြုစုကုသ

နေပြည်တော် ဇန်နဝါရီ ၂၃

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ကချင်ပြည်နယ် ဗန်းမော်မြို့သို့ရောက်ရှိကြရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဗန်းမော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လေဆိပ်ခန်းမ၌ ဝန်ကြီးချုပ်အား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဗန်းမော်လေဆိပ်ရှိ လေယာဉ်ပြေးလမ်းတိုးချဲ့ရေး စီမံကိန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး လေယာဉ်ကွင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပန်းမန်များ စိုက်ပျိုးရေး၊ စံချိန်စံနှုန်းပြည့်မီရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။ ***စာမျက်နှာ ၉ ကော်လံ ၁ ✻***

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗန်းမော် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၃

ယနေ့နံနက်မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

သတင်းအညွှန်း

❒ ကမ္ဘာ့အသန့်ရှင်းဆုံးမြို့ ယူအေအီး၌ တည်ဆောက်မည် — စာ – ၄

❒ ကြမ္မာဆိုး၏ သားကောင် — နိုင်ငံတကာမှုခင်း စာ – ၆

❒ ဟေတီသမ္မတနိုင်ငံ — တိုး၏ သတင်းအက်ဆေး စာ –၇

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး